ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 June 2019 ၉၆၇၈

# နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အဓိကထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြား

နေပြည်တော် ဇွန် ၁၁

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် အစည်းအဝေး (၁/၂၀၁၉)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် အစည်းအဝေး (၁/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက မသန်စွမ်းသူများအနေဖြင့် မသန်စွမ်းမဟုတ်သူ အခြားနိုင်ငံသားများနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိစေရေးရည်ရွယ်ပြီး မသန်စွမ်းသူများ၏အရေးကိစ္စတို့ကို ကမ္ဘာတစ်ဝန်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနဆန်းစစ်ချက်များအရ မသန်စွမ်းသူများသည် မညီမျှမှု အခြေအနေတို့ကို ဆက်လက်ကြုံတွေ့နေဆဲဖြစ်သည်ဟု သိရှိရပါကြောင်း၊ အထူးသဖြင့် မသန်စွမ်းသူများသည် ပညာသင်ကြားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုအားနည်းခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားရနိုင်ခြေပိုများသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ

## မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးဆောင်ရွက်ပေးခြင်းသည် မသန်စွမ်းသူများ၏ဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပြည့်မီစေခြင်းပင်ဖြစ်

(၂၀၁၅)ကိုလည်းကောင်း၊ နည်းဥပဒေများ(၂၀၁၇) ကိုလည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေနှင့် နည်းဥပဒေများတွင်ပါဝင်သည့် အခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စသည့် ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို အထောက်အကူဖြစ်စေရန် ပညာရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အလုပ်အကိုင်ရေးရာဆပ်ကော်မတီ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ကြေးမုံ ယနေ့ ဖတ်စရာ**

**စီးတီးဘတ်စ်နှင့် မီနီဘတ်စ်များကို ပြည်တွင်း၌ စတင်ထုတ်လုပ်လျက်ရှိပြီး တစ်နှစ်လျှင် အစီးရေ ၅၀၀ ခန့် ထုတ်လုပ်သွားမည်** စာမျက်နှာ » ၉

**တို့ပြည်ဝယ် အဂတိတရား ကင်းရှင်းပါစေ** စာမျက်နှာ » ၁၆



# ကြေးမုံ

## အားနည်းသူကို ဝိုင်းဝန်းဖေးမကူညီ

မြန်မာနိုင်ငံကို အဘက်ဘက်တွင် တိုးတက်လာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများဖြင့် ရုန်းကန်ကြိုးပမ်းနေဆဲ ဖြစ်သည်။ နှစ်ပေါင်းများစွာ ယိုယွင်းနေသော အိမ်အိုကြီးကို ပြန်လည်တည့်မတ်ခိုင်မာလာအောင် ကြိုးပမ်းအားထုတ်ရသည်မှာ ချက်ချင်းလက်ငင်းတော့ မလွယ်ကူလှချေ။ သို့သော် အတတ်နိုင်ဆုံး အမြန်တည့်မတ်ခိုင်မာလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပါမည်။

လက်ငင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ၌ မိဘအနေဖြင့် သားသမီးအားလုံးတို့အပေါ်တွင် မိမိတို့တတ်နိုင်သမျှ အတတ်နိုင်ဆုံး မျှတစွာ ဖြည့်ဆည်းပေးခြင်းသည် အကောင်းဆုံးဖြစ်ပြီး လက်လှမ်းမမီ၍ မဖြည့်ဆည်းပေးလိုက်နိုင်သော သားသမီးတို့ကိုလည်း ဝိုင်းဝန်းကူညီပေးမည့်သူတို့နှင့်ဆက်နွှယ်ကာ ပူးပေါင်းဖြည့်ဆည်းပေးသင့်သည်။ မြန်မာနိုင်ငံကဲ့သို့ စေတနာသဒ္ဓါတရားထက်သန်သော တိုင်းပြည်အဖို့မူ စေတနာ့ဝန်ထမ်း ရိုင်းပင်းသူတို့အကူအညီဖြင့် လက်လှမ်းမမီသော အချို့အရေးတို့ကို ဆောင်ရွက်နိုင်ပေသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူတို့၏ လက်ငင်းလိုအပ်ချက်မှာ ဝမ်းရေးဖြစ်သော်လည်း လူမှုအသိုက်အဝန်းတစ်ခုလုံးအတွက်မူ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လုံခြုံရေးဟူသော အရေးငါးပါးမှာ အဓိကဖြစ်ပါသည်။ ထိုအရေးငါးပါး လိုအပ်နေသောနေရာဒေသများမှာ ဝေးလံခေါင်ဖျားသောဒေသများ ဖြစ်ပါသည်။ ဝေးလံခေါင်ဖျားသောဒေသများမှာ နယ်စွန်နယ်ဖျားမှ တောင်တန်းဒေသများသာမက နိုင်ငံအတွင်းမှ ဝေးလံသောဒေသများလည်း ပါဝင်ပါသည်။

မကြာသေးမီရက်ပိုင်းက မြန်မာပြည်မြောက်ပိုင်း ဝေးလံခေါင်သီသော တောင်ပေါ်ဒေသများမှ တိုင်းရင်းသားကလေးငယ်များ ပညာသင်ကြားရေးအတွက် စေတနာတရားထက်သန်သော ဆရာ ဆရာမလေးများ သွားရောက်ကြသည်ကို ဝမ်းမြောက်ပီတိဖြစ်ဖွယ် ကြားသိရပါသည်။ အလားတူ ယမန်နေ့က ဝေးလံပြီး သွားလာရခက်ခဲသော စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ထိရောက်စွာပူးပေါင်းဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်နေသည်ဟု သိရှိရပါသည်။

အထူးသဖြင့် ဝေးလံခေါင်သီသောဒေသများတွင် ပညာရေး၊ ကျန်းမာရေးမှာ အဓိကလိုအပ်ချက်များ ဖြစ်နေပါသည်။ ဆရာ ဆရာမများချို့တဲ့မှု၊ ကျန်းမာရေးဝန်ထမ်းများ လိုအပ်မှုကြောင့် ဒေသခံပြည်သူများအဖို့ မျှော်လင့်ချက်များ ကင်းမဲ့လျက်ရှိသည်။ စေတနာ့ဝန်ထမ်း၊ အမှုထမ်းများအနေဖြင့်လည်း နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ သွားရေး၊ လာရေးနှင့် လုံခြုံရေးမှအစ လိုအပ်ချက်များစွာရှိနေရာ ဒေသနေပြည်သူများအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာခံမှုများစွာဖြင့် ပေးဆပ်နေကြသည်ကို ပြည့်စုံနေသော ပြည်သူများက နားလည်စာနာ အသိအမှတ်ပြုရမည်ဖြစ်သည်။

ဝေးလံခေါင်သီသောဒေသများအတွက် ပညာရေး၊ ကျန်းမာရေးဖြည့်ဆည်းပေးမှုအစီအစဉ်များသည် မြို့ပြနှင့်ကျေးလက် ကွာဟမှုမဖြစ်စေရေး၊ မျှတမှုရှိရေးကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။ လက်တွေ့တွင်လည်း ဖွံ့ဖြိုးရန်ရုန်းထနေဆဲ မြန်မာနိုင်ငံအဖို့ အဆိုပါကွက်လပ်များ နိုင်ငံအနှံ့တွင် များစွာရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကွက်လပ်များစွာဖြည့်နေရသဖြင့် လိုအပ်ချက်များကို စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မိဘပြည်သူများပါ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြင့် တစ်ပြေးညီဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် တစ်မိသားစုတည်းမှ မိသားစုဝင်များပင်ဖြစ်၍ ပြည်ထောင်စုသားအားလုံး တစ်ပြေးညီဖွံ့ဖြိုးရေး၊ လိုအပ်ချက်များကို ကွာဟမှုနည်းပါးနိုင်သမျှ နည်းစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဖြည့်ဆည်းပေးမှုများအပြင် လိုအပ်သည့်ကွက်လပ်များကို တတ်နိုင်သည့်ဘက်မှ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးခြင်းဖြင့် စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လယ်ယာမြေစီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

**စစ်တွေ ဇွန် ၁၁**



လယ်ယာမြေ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပိုမိုသိရှိနားလည်ပြီး မှန်မှန်ကန်ကန်နှင့် လွယ်ကူထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ညွှန်ကြားချက်များ ထုတ်ပြန်**

အခမ်းအနားတွင် ရခိုင်ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လယ်ယာမြေကဏ္ဍသည် အင်မတန်ခက်ခဲနက်နဲပြီး ကြိုးစားဆောင်ရွက်ရသည့် အခြေအနေတွင်ရှိကြောင်း၊ လယ်ယာမြေနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် ရှေးနှစ်ပေါင်းများစွာက ဥပဒေများကို ကျင့်သုံးနေရပြီး နောက်ပိုင်းတွင် အခြေအနေအပေါ်မူတည်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်နေရခြင်းများလည်းရှိကြောင်း၊ ယခင်ဥပဒေများနှင့် လက်ရှိအခြေအနေတွင် ဆောင်ရွက်ရသည့်အခါ အံ့ဝင်ခွင်ကျဖြစ်မှု အားနည်းချက်များ တွေ့နေရသောကြောင့် ညွှန်ကြားချက်များ ထုတ်ပြန်ပြီး ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်နေရကြောင်း။

**အဆင့်ဆင့်ညှိနှိုင်း**

နိုင်ငံ့တာဝန် ထမ်းဆောင်နေရသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရန် အဓိကကျကြောင်း၊ အခက်အခဲများစွာရှိသော်လည်း အောက်ခြေအဆင့်မှ အထက်အဆင့်အထိ အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်သွားမည်ဆိုလျှင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နားလည်သဘောပေါက်ရန်နှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် အဖွဲ့အတွင်းရေးမှူး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ထင်က လယ်ယာမြေစီမံခန့်ခွဲမှုများနှင့်ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာသော ခရိုင်နှင့် မြို့နယ်များမှ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လယ်ယာမြေ စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် အဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဟန်မင်း**

## ၂၀၁၉ ခုနှစ် မေလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၃၀၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၄၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

**အလုပ်သမားလုံလောက်စွာခန့်အပ်**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ မေလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်အကိုင်ရရှိမှုမှာ ပုဂ္ဂလိကအနေဖြင့် ၂၂၁၁၇ ဦး၊ အစိုးရအလုပ်အကိုင်အနေဖြင့် ၁၉၀၂ ဦး စုစုပေါင်း ၂၄၀၁၉ ဦးကို အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့**

နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၈၂၃၇ ဦး၊ စင်ကာပူနိုင်ငံသို့ ၃၇ ဦး၊ ကိုရီးယားနိုင်ငံသို့ ၃၇၇ ဦး၊ ထိုင်းနိုင်ငံသို့ ၂၀၉၇၇ ဦး၊ ဂျပန်နိုင်ငံသို့ ၆၅၈ ဦး၊ ယူအေအီးသို့ ၂၄ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၃၉ ဦး၊ ကာတာနိုင်ငံသို့ ၁၀ ဦး၊ မကာအိုနိုင်ငံသို့ သုံးဦး စုစုပေါင်း ၃၀၃၂၆ ဦးကို စေလွှတ်၍ အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၁**

ရန်ကုန်(ရွှေဈေး) ၁၀၆၉၀၀၀ - ၁၀၆၉၀၀၀ မန္တလေး(ရွှေဈေး) ၁၀၆၉၀၀၀ - ၁၀၆၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၅/၉၃၀ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၁၀ ကျပ် | ၉၄၀/၉၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၃၅ ကျပ် | ၈၇၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၅/၉၄၅ ကျပ် | ၉၆၀/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၅၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၃.၂ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၄.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၁.၇၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၉၉၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၁၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၉၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၁.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၇၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၃.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇွန် ၁၀ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

☆ ရှေ့ဖုံးမှ

သုတေသနဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီ၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဆပ်ကော်မတီ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဆပ်ကော်မတီ၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ ဆပ်ကော်မတီတို့ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အဓိကထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်နေရာတွင် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွက်လာရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ပြီး မသန်စွမ်းမှတ်ပုံတင်ထုတ်ပေးခြင်းအားဖြင့် မသန်စွမ်းသူများအနေဖြင့် လူမှုရေးပြောင်းလဲမှု၊ လူမှုရေးပေါင်းစည်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြုသဘောဆောင်သည့်အမြင်များ မြို့ပြနှင့်ကျေးလက်ဒေသများတွင်ပါ သိရှိနားလည်စေရေးအတွက် အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

**အဆင့်သုံးဆင့် ခွဲခြားသတ်မှတ်သွားမည်**

မသန်စွမ်းသူများအတွက် မှတ်ပုံတင်ထုတ်ပေးရာတွင် မသန်စွမ်းမှုအဆင့်ကို သုံးဆင့် ခွဲခြားသတ်မှတ်သွားမည်ဖြစ်ပြီး ပထမအဆင့်ခွဲခြားသတ်မှတ်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNICEF (မြန်မာ)တို့ ပူးပေါင်းရေးဆွဲထားသည့်မူကြမ်းကို အတည်ပြုဖို့လိုပါကြောင်း၊ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့အတွက် ခွဲခြားသတ်မှတ်မှုပုံစံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမြန်ဆုံးသတ်မှတ်သွားရန်လိုအပ်ပါကြောင်း၊ အဆင့် သုံးဆင့်စလုံးကို သတ်မှတ်ပြီးပါက ကနဦးစီမံကိန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်တို့တွင် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်အနေဖြင့် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မသန်စွမ်းအသင်းရုံးခွဲ ကိုးခုဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သိရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မသန်စွမ်းသူများအတွက် ဆောင်ရွက်သည့်နေရာတွင် အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်သည့် သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများ ဖြစ်ပါကြောင်း၊ ထိုသဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများကို ဆောင်ရွက်သည့်နေရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်စေခြင်းအားဖြင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို အမှန်တကယ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ မသန်စွမ်းမှုအလိုက်သီးသန့်လိုအပ်ချက်များ သိရှိနိုင်ရေးနှင့် ထိရောက်ပြီး ရေရှည်အကျိုးရှိနိုင်မည့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် တိကျသည့်မသန်စွမ်းမှုဆိုင်ရာ ကိန်းဂဏန်းသတင်းအချက် အလက်များရှိထားရန်လိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန်လို**

အချို့သော သတင်းအချက်အလက်များအရ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မသန်စွမ်းသူများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (၂၅)မှုဖြစ်ပွားခဲ့သည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် ဥပဒေပါ ရည်ရွယ်ချက်နှင့်အညီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးဆောင်ရွက်ပေးခြင်းသည် မသန်စွမ်းသူများ၏ ဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပြည့်မီစေခြင်းပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီ ယာယီဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ယာယီဥက္ကဋ္ဌ ဦးသိန်းလွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ တတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မသန်စွမ်းသူကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့မဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်များက မသန်စွမ်းသူများ၏ အခွင့်အရေးများရရှိရေးတို့အတွက် ကဏ္ဍအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့မှုများ၊ ရှေ့လုပ်ငန်းစဉ်များ၊ အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပညာပေးလုပ်ငန်းများ ၊ အကြားအာရုံမသန်စွမ်းသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများနှင့် အမြင်အာရုံမသန်စွမ်းသူများ ကြုံတွေ့နေရသည့် အခက်အခဲနှင့်စိန်ခေါ်မှုများ၊ မသန်စွမ်းမဲဆန္ဒရှင်များ မဲပေးနိုင်ရေးကိစ္စရပ်များနှင့် ဖြည့်ဆည်းပေးလိုသည့် အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အနာဂတ်ကာလတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်၊ ယခုဆွေးနွေးပွဲမှ ဆွေးနွေးချက်၊ အကြံပြုချက်များကို သက်ဆိုင်ရာဌာနအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်း အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပြင်သစ်နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကော်မတီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌ၊ ပြင်သစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Jean-Marie Cambaceres အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ပြင်သစ်-မြန်မာ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုခိုင်မာမှု မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြင်သစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာ ကောင်စီ၏ အခန်းကဏ္ဍများနှင့် နိုင်ငံအတွင်းတွင် နယ်ပယ်အသီးသီးရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေမှုများအပြင် ကောင်စီအနေဖြင့် နိုင်ငံတကာလွှတ်တော်များမှ အတိုင်ပင်ခံကောင်စီများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းရမိမူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၁၁**

၂၀၁၉ ခုနှစ် ဇွန် ၂၆ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ ကျင်းပမည့် ၃၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် သိမ်းဆည်းရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးနယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက သိမ်းဆည်းရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးရေး ပြောကြား သည်။ ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူ များက ဆောင်ရွက်ထားရှိမှုများကိုတင်ပြရာ ဝန်ကြီးက လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ် မူးယစ်ဆေးဝါးများ ဖျက်ဆီးမီးရှို့ပွဲတွင် ယခင်နှစ်ကထက်ပို၍ သိမ်းဆည်းရမိဖျက်ဆီးနိုင်မည်ဖြစ်ပြီး မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆာလ်ဖျူရစ်အက်စစ်ကဲ့သို့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးဝင်ပစ္စည်းများအား သက်ဆိုင်ရာဌာနများမှ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇွန်  ၁၁**


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌနှင့် ပြင်သစ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Jean-Marie Cambaceres အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံလွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ဖွဲ့စည်းမှု၊ ဆောင်ရွက်မှုများနှင့် အတွေ့အကြုံများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇွန်  ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ (**ဓါတ်ပုံ**)

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီးနောက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာငါးသန်းနှုန်းဖြင့် ငါးနှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၅ သန်း ကူညီသွားမည့်အခြေအနေ၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရွှေဇားကျေးရွာတွင် အိမ်အလုံးရေ ၁၄၈ လုံး၊ နံ့သာတောင်ကျေးရွာတွင် ၄၂ လုံး၊ ကြိမ်ချောင်းတောင်ကျေးရွာတွင် အလုံး ၆၀၊ စုစုပေါင်း အလုံးရေ ၂၅၀ အား တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သဖြင့် မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ရေးကိစ္စ၊ အဆိုပါကျေးရွာများတွင် သောက်သုံးရေ၊ လျှပ်စစ်မီးစသော အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အောက်တွင် မြန်မာနိုင်ငံဘက်မှ ကနဦးအဆိုပြုထားသော စီမံချက် ၂၂ ခုအား အတည်ပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံရှိ ဒေသများတွင် ခြေတု၊ လက်တု လိုအပ်နေသူများအား ပံ့ပိုးပေးနိုင်ရေးတွင် အိန္ဒိယနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# RFID စနစ် အကောင်အထည်ဖော်ရေးအတွက် လမ်းဘေးမြေများ အသုံးချခွင့်နှင့် လျှပ်စစ်မီးရရှိရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လုံခြုံရေး၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရေးကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်  ဇွန်  ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Radio Frequency Identification(RFID) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါစနစ် အကောင်အထည်ဖော်ရေးအတွက် လမ်းဘေးမြေများ အသုံးချခွင့်နှင့် လျှပ်စစ်မီးရရှိရေး၊ အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ လုံခြုံရေး၊ အခြားပို့ဆောင်ရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရေး ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (**ယာပုံ**)



**ညှိနှိုင်းဆွေးနွေး**

အဆိုပါ အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးကျော်မျိုးက RFID စနစ် အကောင်အထည်ဖော်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ Consulting Agency ငှားရမ်းရေးစိစစ်ရွေးချယ်ဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက RFID စနစ် အကောင်အထည်ဖော်ရေး Conceptual Plan ပါ ကိစ္စရပ်များ၊ Consulting Agency နှင့် Contract Agreement ချုပ်ဆိုပြီး Feasibility Study ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ဝန်ကြီးဌာနများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းရပ်များ၊ RFID စနစ်အတွက် ပြည်တွင်းလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့ရေးကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယာဉ်စီးရေတိုးတက်မှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်၊ ယာဉ်များကို စစ်ဆေးကြပ်မတ်နိုင်ရန်၊ ဥပဒေကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် မော်တော်ယာဉ်များအား အလွယ်တကူစိစစ်ဖော်ထုတ်ဖမ်းဆီးနိုင်ရန်နှင့် တရားမဝင်မှတ်ပုံတင်မဲ့ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား စစ်ဆေးထိန်းချုပ်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် RFID စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ တရားဝင်မှတ်ပုံတင်ထားသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်အားလုံးကို သတ်မှတ်ကာလအတွင်း RFID Sticker (သို့မဟုတ်) RFID Tag များ တပ်ဆင်ပေးခြင်းဖြင့် မှတ်ပုံတင်မဲ့(Without) ယာဉ်များ၊ ဆိုင်ကယ်များကို အလွယ်တကူစစ်ဆေးထိန်းချုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တစ်ပြိုင်တည်းတည်ဆောက်သွားမည်**

Conceptual Plan အရ ပြည်ထောင်စုလမ်းမကြီးများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့တော်ကြီးများရှိ မြို့တွင်းအဓိကလမ်းဆုံများ၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ မြို့ကြီးများ၏ အချက်အချာကျသောနေရာများတွင် RFID Reader and Antenna များကို တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင်သွားမည်ဖြစ်ပြီး Main Data Center နှင့်Control Center များကိုလည်း တစ်ပြိုင်တည်းတည်ဆောက်သွားမည်ဖြစ်သည်။

RFID စနစ်အကောင်အထည်ဖော်ရေး အကြံပေးဝန်ဆောင်မှုလုပ်ငန်းအတွက် တင်ဒါအောင်မြင်ထားသည့် Moon Engineering Joint Venture Co;Ltd နှင့် Contract စာချုပ်ကို လာမည့် ဇူလိုင်လ ပထမပတ်အတွင်း နှစ်ဖက်လက်မှတ်ရေးထိုးသွားမည်ဖြစ်ပြီး Feasibility Study ဆောင်ရွက်ခြင်း၊ တင်ဒါခေါ်ယူခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အိန္ဒိယသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Saurabh Kumar နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ် တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်နေမှု၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းဆောင်ရွက် လျက်ရှိသည့် ရွေးကောက်ပွဲ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများ ဖွင့်လှစ်ပို့ချမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် IT နည်းပညာအသုံးပြုနိုင်ရေး အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏(၂/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေး အကောင်အထည်ဖော်မည့် အစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခြင်း၊ ဘဏ္ဍာငွေထောက်ပံ့ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များဖြစ်ကြသော IDPs မိသားစုများအား စားနပ်ရိက္ခာထောက်ပံ့ပေးခြင်း၊ နေအိမ်ဆောက်လုပ်ပေးခြင်း၊ မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးမြေဖော်ထုတ်ပေးမှုနှင့် သီးနှံစိုက်ပျိုးစရိတ်ထုတ်ပေးခြင်း၊ ပညာရေး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လူမှုရေးလုပ်ငန်း ဆောင်ရွက်ပေးခြင်းတို့အတွက် ဘဏ္ဍာငွေရရှိရေးကိစ္စရပ်များနှင့် လုပ်ငန်းစီမံချက်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

အစည်းအဝေးတက်ရောက်သူများက ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ရေးသားပြုစုထားသည့် ကချင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ (IDPs)အတွက် မူလနေရပ်သို့ ပြန်လည်နေရာချထားရေး လုပ်ငန်းစီမံချက်အပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။ ယခုလကုန်ပိုင်းတွင် ကချင်ပြည်နယ် တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC)နှင့် ထပ်မံတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၁**

တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Dionisio da Costa Babo Soares ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရားဝင်ခရီးစဉ်အဖြစ် ယနေ့ည ၇ နာရီတွင် ဗန်ကောက်လေကြောင်းလိုင်းဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီး Mr. Joao Freitas de Camara နှင့် တီမောလက်စ်တေသံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# မြန်မာ-အိန္ဒိယနှစ်နိုင်ငံကြား လေကြောင်းခရီးသွားကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရေး ခရီးသွားပြပွဲ ပြုလုပ်မည်

**ရန်ကုန် ဇွန် ၁၁**

မြန်မာ-အိန္ဒိယနှစ်နိုင်ငံကြား လေကြောင်းခရီးသွားလာမှုကဏ္ဍကို ပိုမိုမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ခရီးသွားပြပွဲတစ်ခုကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော Yangon Aerodrome Company Limited(YACL)နှင့် အိန္ဒိယလေကြောင်းလိုင်းတို့ ပူးပေါင်း၍ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း YACL ၏ ထုတ်ပြန်ချက်အရ သိရသည်။

"Enchanting Myanmar 2019,India" အမည်ရ အဆိုပါခရီးသွားပြပွဲအား YACL နှင့် အိန္ဒိယလေကြောင်းလိုင်းတစ်ခုဖြစ်သည့် IndiGo တို့ ပူးပေါင်း၍ ဇွန် ၁၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား လေကြောင်းခရီးသွားလာမှုကဏ္ဍကို မြှင့်တင်ရုံသာမက နှစ်နိုင်ငံအကြား သမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှုများကို နီးနှောဖလှယ်သွားရန်လည်း ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါခရီးသွားပြပွဲသို့ မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)တို့ အပါအဝင် မြန်မာနိုင်ငံမှ အခြားသော ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များလည်း တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း YACL မှ သိရသည်။

“ကျွန်တော်တို့အနေနဲ့ IndiGo နဲ့ပူးပေါင်းပြီး ဒီခရီးသွားပြပွဲကို ကြီးမှူးကျင်းပခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ မြန်မာနဲ့ အိန္ဒိယနိုင်ငံတို့ဟာ ခိုင်မာတဲ့သမိုင်းကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်တွေ ကိုယ်စီရှိကြပြီး ယဉ်ကျေးမှုချင်း ဆက်နွှယ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံအကြား ခိုင်မာတဲ့ လေကြောင်းဆိုင်ရာချိတ်ဆက်မှုတွေကို ဖော်ဆောင်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်”ဟု YACL မှ စီအီးအို Mr. Jose Angeja ကပြောသည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိန္ဒိယနိုင်ငံမှ Air India လေကြောင်းလိုင်းတစ်ခုသာ ပြေးဆွဲပျံသန်းလျက်ရှိပြီး နယူးဒေလီမြို့မှ ရန်ကုန်မြို့သို့ ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ် ပုံမှန်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း၊ ယခုခရီးသွားပြပွဲကို ကျင်းပခြင်းအားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို သိရှိသူပိုမိုများပြားလာစေပြီး အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ် ချိတ်ဆက်ပျံသန်းမှုကဏ္ဍကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း YACL မှ သိရသည်။ **ကိုထက်**

# ကမ္ဘာမြေကို ကာကွယ်ဖို့ ပလတ်စတစ်သုံးစွဲမှု လျှော့ချပါစို့

နိုင်ဦး (DOCA)

လူတစ်ခု ပူမှုဆယ်ကုဋေဟု ဆိုရမလိုပင်။ လူတို့၏ အတ္တ၊ လောဘ၊ မာန်မာနတို့ကြောင့် အပူမီးများတောက်လောင်နေကြသည်။ အလိုလိုနေရင်း ဒေါသစိတ်တွေကြီးထွားနေကြသည်။ အဆင်အခြင်မဲ့လာသည်။ သာမန်ကိစ္စလေးများကိုအကြောင်းပြု၍ ကြောက်စရာကောင်းလှသောပြစ်မှုများကို လွယ်လွယ်ကျူးလွန်လာနေကြသည်။ ကိုယ်ချင်းစာတရား၊ မေတ္တာတရားများ ပွားများရန် မေ့လာကြသည်။ ပြစ်မှုဆိုင်ရာ သုတေသနပညာရှင်များကလည်း ပြောကြသည်။ လူတို့ယခုကဲ့သို့ ဖြစ်ပွားရာတွင် ကမ္ဘာကြီးပူနွေးလာမှုကလည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေသတဲ့လေ။ ဘာမှတော့မဆိုင်သလိုပဲ။ ဒါပေမယ့် သုတေသနရလဒ်တွေအရ အအေးပိုင်းနိုင်ငံတွေထက် အပူပိုင်းနိုင်ငံတွေက ပြစ်မှုကြီးတွေ ကျူးလွန်မှုပိုမိုများပြားတာက သက်သေပင်ဖြစ်နေလို့ လက်ခံရခက်ခဲပေမယ့် လက်ခံခဲ့ရသည်။

### မြေကမ္ဘာကြီးရေရှည်တည်တံ့ခိုင်မြဲဖို့

မြန်မာနိုင်ငံတွင်လည်း ယခုနှစ်နွေရာသီသည် အပူချိန်များ စံချိန်သစ်တွေ တင်သွားသည်။ ပူတယ်လေဆယ်နေကဲလို့ ပြောရမလား။ လှတောသားတွေ ပြောသလို ငရဲအိုးထဲရောက်နေသလားမှတ်ရတယ်လို့ဆိုရမလား။ ပူချက်ကတော့ ကမ်းကုန်ပဲလေ။ တချို့ကပူတဲ့အကြောင်းရင်းကို သစ်ပင်တွေ မဆင်မခြင်ခုတ်လို့တဲ့၊ သိပ္ပံပညာရှင်တွေကလည်း နေဂြိုဟ်က တဖြည်းဖြည်း ကြီးလာလို့တဲ့၊ စုံနေတာပဲ။ သူတို့တွေ ပြောတဲ့အချက်တွေကိုလည်း အထောက်အထား ခိုင်ခိုင်မာမာနဲ့ပြောကြလို့ စိတ်ဝင်စားစရာ၊ လက်ခံချင်စရာပင်။ ဒါကြောင့်ပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပုဂ္ဂိုလ်တွေ၊ အသင်းအဖွဲ့တွေက သစ်ပင်တွေစိုက်ဖို့ နည်းလမ်းပေါင်းစုံကနေ ပညာပေးနေသည်။ ကိုယ်တိုင်လည်း စိုက်ကြသည်။ စိုက်ချင်တဲ့သူတွေကိုလည်း သစ်ပင်ပျိုးပင်တွေ ဝေငှကြသည်။ ပြီးတော့ အဖိုးတန်ရေတွေကို ချွေတာသုံးစွဲဖို့၊ စနစ်တကျ သုံးစွဲဖို့နှင့် ပလတ်စတစ်တွေသုံးစွဲမှု လျှော့ချရေးတို့ကိုလည်း ပညာပေးလျက်ရှိသည်။ မြေကမ္ဘာကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့ ဆောင်ရွက်နေကြတာ အားရစရာပါပဲ။ တစ်ယောက်မှ တစ်မိသားစု၊ တစ်မိသားစုမှ တစ်ရပ်ကွက်စသည်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ရင် စိမ်းလန်းစိုပြည်တဲ့ နိုင်ငံ၊ ရာသီဥတုကောင်းမွန်တဲ့ နိုင်ငံဖြစ်လာမှာ မလွဲပါဘူး။

လက်ရှိကမ္ဘာပေါ်တွင် သဘာဝကပေးသော လက်ဆောင်မွန်များကို လွယ်လွယ်ကူကူ ရယူသုံးစွဲနေသည်။ စီးပွားရေး၊ ကြီးပွားရေးအတွက်များ အမှောင်ဖုံး၍ သဘာဝကပေးသော လက်ဆောင်မွန်များကို တန်ဖိုးမထား၊ ဖျက်ဆီးသကဲ့သို့ ဖြစ်လာနေသည်။ ရှားပါးလာသော ရေချို၊ ညစ်ညမ်းလာသောလေနှင့် ကျဉ်းမြောင်းလာသောမြေတို့ကြောင့် ကမ္ဘာကြီးသည် ပျက်စီးချွတ်ယွင်းမှု အရှိန်အဟုန်မြန်မြန် ဖြစ်လာနေသည်။ ဘယ်သူမပြု၊ မိမိမှုပင် ဖြစ်သည်။ အသိဉာဏ်အဆင့်မြင့်သော၊ တွေးခေါ်မြော်မြင်နိုင်မှုမြင့်မားသော လူတို့ကြောင့်ပင် ဖြစ်သည်။ သဘာဝကပေးသော နေရာမြေ၊ သောက်စရာရေနှင့် ရှူစရာလေတို့ကို အလကားနီးနီးလောက်ရနေသဖြင့် တန်ဖိုးထားရကောင်းမှန်းမသိပေ။ ထိုမြေ၊ လေနှင့် ရေတို့ကို ထာဝစဉ်ရရှိမည်ဟု ထင်မြင်ယူဆနေကြသည်။ ထို့ကြောင့်ပင် လူသားတို့၏ အပြစ်ခြောက်ပါးကို သဘာဝပတ်ဝန်းကျင်ပညာရှင်များက သတိမူမိစေရန်နှင့် ဆင်ခြင်မိနေစေရန် ဖော်ပြကြသည်။

လူသားတို့က အရေးမကြီးဟု ထင်မြင်ယူဆကာ အပြစ်ခြောက်ပါးကို ကျူးလွန်နေကြ၍ ကမ္ဘာကြီးသည် တဖြည်းဖြည်းခံနိုင်ရည်စွမ်းရည်၊ တည်ငြိမ်မှုစွမ်းရည်၊ အကျိုးပြုပေးနိုင်မှု စွမ်းရည်များ ခြောက်ခန်းလာနေသည်။ လူသားတို့၏ အပြစ်ခြောက်ပါးဖြစ်သည့် သဘာဝအရင်းအမြစ်များသည် သုံးမကုန်၊ စားမကုန်ဖြစ်နေသည်ဟုလည်းကောင်း၊ သဘာဝသည် လူသားတို့ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ထုတ်လိုက်သော အညစ်အကြေးမှန်သမျှကို စုပ်ယူသိမ်းဆည်း လက်ခံနိုင်သည်ဟုလည်းကောင်း၊ သဘာဝမျိုးစိတ်များကို အလေးမထား၊ ဂရုမပြုဘဲ နောင်မျိုးစိတ်တွေ ထပ်ရှိလာမည်ဟု သဘောထား၍ အစွမ်းကုန်ဖျက်ဆီးနေ၍ လည်းကောင်း၊ မိမိတို့၏ ခန္ဓာကိုယ်သည် မိမိတို့ထုတ်လုပ်သော ပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများကို ကာကွယ်နိုင်သည်၊ ခုခံနိုင်သည်ဟု အထင်တကြီး ယုံကြည်လက်ခံနေ၍လည်းကောင်း၊ သဘာဝကပေးအပ်သော အရင်းအမြစ်များအားလုံးကို သိပ္ပံနည်းပညာဖြင့် ပြုလုပ်နိုင်သည်ဟု စိတ်ကြီးဝင်နေ၍လည်းကောင်း၊ လူ့အဖွဲ့အစည်းကို နည်းပညာများဖြင့် လွယ်လွယ်ကူကူပင် အုပ်ချုပ်၊ စီမံ၊ ခန့်ခွဲနိုင်သည်ဟု ခပ်လွယ်လွယ်ယူဆနေကြ၍လည်းကောင်း သဘာဝကို အလေးမထား အဆိုပါအပြစ်ခြောက်ပါးကို ထမင်းစားရေသောက်ပမာ လွယ်လွယ်ကျူးလွန်နေကြသည်။

### လူသားတို့ရဲ့အပြစ်ခြောက်ပါး

ငယ်ငယ်ကအဘွားဖြစ်သူကလည်း ပြောပြဖူးသည်။ “ရာသီဥတုဖောက်ပြန်မှာပေါ့၊ လူတွေကသဘာဝတရားကြီးကို သစ္စာမှ မရှိကြတာဘဲတဲ့။ သစ်ပင်တွေကို လွယ်လွယ်ခုတ်နေကြတယ်။ မြေအောက်ရေတွေကို အဆမတန် ထုတ်ယူသုံးစွဲတယ်။ အညစ်အကြေးတွေကို လွယ်လွယ်စွန့်ထုတ်တယ်။ သဘာဝတရားကြီးကို အန်တုပြီး ထုတ်ထားတဲ့ ပလတ်စတစ်တွေကို ဖုံးပေါလအော သုံးစွဲနေကြတယ်တဲ့။ လူသားတို့ရဲ့ အပြစ်ခြောက်ပါးကို ကိုယ်တိုင်သိမြင်ဆင်ခြင်နိုင်မှ၊ ပြန်လည်အစားထိုးနိုင်မှ ကမ္ဘာကြီးလည်း သက်ရှည်ကျန်းမာမယ်။ လူသားတွေလည်း သက်ရှည်ကျန်းမာမယ်တဲ့လေ။”

တစ်လောက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဦးစီးမှူးရုံးတစ်ရုံးက ပလတ်စတစ်ရေဘူးတွေနေရာမှာ ဖန်ဘူး၊ ဖန်ခွက်နဲ့ အစားထိုးပြီး အစည်းအဝေးတစ်ခုလုပ်ခဲ့တယ်။ အတုယူစရာလုပ်ဆောင်မှုလို့ ကျွန်တော်ထင်သည်။ အခမ်းအနားတစ်ခုလုပ်ပါက သုံးစွဲလိုက်ရတဲ့ ပလတ်စတစ်ရေသန့်ဘူး နည်းတာမဟုတ်ပေ။ အခမ်းအနားတစ်ခု ပြီးဆုံးပါက သုံးစွဲလိုက်ရသောရေသန့်ဘူးခွံများကို သန့်ရှင်းရေးသမားများက သိမ်းဆည်းသည်။ မြေကြီးထဲရောက်တာတွေရှိသည်။ မီးရှို့ဖျက်ဆီးလိုက်တာတွေရှိသည်။ ရောင်းတာတွေရှိသည်။ ဝယ်သူကလည်း အရည်ကျိုကာ အခြားပလတ်စတစ်အသုံးအဆောင်များ ပြန်လည်ထုတ်လုပ်ကြသည်။ အဲဒီ ပလတ်စတစ်ဘူးခွံ မြေကြီးထဲရောက်သွားရင် နှစ်ထောင်ချီ မပျက်မစီးရှိနေတတ်သည်။ မီးရှို့လိုက်ရင်လည်း ပလတ်စတစ်ညှော်နံ့တွေကြောင့် ရောဂါရသည်။ ဘာများကောင်းတာရှိလို့လဲ။ ငွေကုန်၊ ရောဂါရကာ သဘာဝပတ်ဝန်းကျင် ထိခိုက်စေသည်။ ရုံးတိုင်း၊ အိမ်တိုင်းမှာ ရေကို ဖန်ဘူး၊ ဖန်ခွက်လေးတွေနဲ့ ဧည့်ခံကြရင်၊ အသုံးပြုကြရင် ပလတ်စတစ်ကိုလည်း သုံးစွဲမှုချွေတာရာရောက်မည်။ သဘာဝပတ်ဝန်းကျင်ကိုလည်း မပျက်စီးစေတဲ့အပြင် ငွေကိုလည်း ချွေတာရာရောက်သည်။ ဒါလောက်ကောင်းတဲ့ ဆောင်ရွက်မှုမျိုးကို ကျွန်တော်တို့ အတုယူသင့်သည်။ တဖြည်းဖြည်းနဲ့ ပြောင်းလဲအသုံးပြုသင့်ပါသည်။ ဤကဲ့သို့ လူသားတို့၏ နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ စားသောက်မှုပုံစံများကြောင့် ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာကြီးကို ဖျက်ဆီးပစ်လိုက်သကဲ့သို့ဖြစ်မှာ စိုးရိမ်မိသည်။

### လူသားကမ္ဘာလည်း ပျက်စီးသွားမှာ စိုးထိတ်မိ

ကျွန်တော်တို့ လူသားတွေထင်သလို ကမ္ဘာကြီးက ပေးအပ်ထားသော သဘာဝအရင်းအမြစ်များသည် သုံးမကုန်၊ စားမကုန်ရှိနေသည်ဟု အထင်မမှားသင့်ပေ။ အချိန်အတိုင်းအတာ ရှိသည်။ လူသားတို့၏ ဂရုစိုက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ အားပေးကူညီမှုတို့ဖြင့် စောင့်ရှောက်ထိန်းသိမ်းမှသာလျှင် ရေရှည်အသုံးပြုနိုင်မည် ဖြစ်သည်။ သုံးမကုန်၊ စားမကုန်ပေးထားသည်ဟု ထင်မြင်ပါကမူ မကြာမီ သဘာဝအရင်းအမြစ်များသည် ကုန်ဆုံးပြီး လူသားကမ္ဘာလည်း ပျက်စီးသွားမှာ စိုးထိတ်မိပါသည်။

ထို့အပြင် သဘာဝသည် လူသားတို့ စွန့်ထုတ်သော အညစ်အကြေးမှန်သမျှကို စုပ်ယူသိမ်းဆည်းနိုင်သည်ဟု အမြင်မှားနေမှုကိုလည်း ပယ်ဖျောက်ထားသင့်သည်။ သဘာဝမိခင်မြေကြီးအတွက် အာဟာရဖြစ်စေမည့် အညစ်အကြေးများများသာစုပ်ယူနိုင်ပြီး ပလတ်စတစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများကိုမူ မစုပ်ယူ၊ မဖျက်ဆီးနိုင်ပေ။ ကမ္ဘာမြေကြီးအတွက် အန္တရာယ်ရှိသောစွန့်ပစ်မှုများ ဖြစ်နေသည်ကို သတိထားသင့်သည်။

သဘာဝမျိုးစိတ်များမှာ အသစ်တစ်ဖန်ရှင်သန်နေမည်ဟု အထင်မှားနေမှုများကိုလည်း စဉ်းစားသင့်သည်။

> “အတ္တ၊ လောဘ၊ ဒေါသကင်း၍ ကိုယ်ချင်းစာတရား၊ မေတ္တာတရားပြည့်ဝသော စိမ်းလန်းစိုပြည်သည့်နိုင်ငံ ဖြစ်လာစေရေးအတွက် ပြည်သူများအားလုံးမှ လိုက်ပါဆောင်ရွက်ကြစေချင်ပါသည်။ အပြုံးပန်းတွေဝေဆာပြီး သန့်စင်သောလေကိုရှူ၍ အေးမြကြည်လင်သောရေကို ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်သည့်စိတ်ဓာတ်များ ကိန်းအောင်းစေချင်”

သဘာဝကပေးအပ်ထားသော မျိုးစိတ်များသည် လူသားတို့၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် ကွယ်ပျောက်သွားပြီဖြစ်သည်။ ဆက်လက်၍လည်း အပင်များ၊ တိရစ္ဆာန်များ၊ မြေဆီလွှာများသည် အရှိန်အဟုန်ဖြင့် ကွယ်ပျောက်နေသည်။ သတိထားဆင်ခြင်ကာ သုံးစွဲမှသာလျှင် သဘာဝမျိုးစိတ်များကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ လူသားတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝကပေးသော မျိုးစိတ်များကို ကာကွယ်သင့်သည်။ ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

### ကွင်းဆက်ပမာ အမှီသဟဲပြုကာ နေထိုင်

လူသားတို့၏ခန္ဓာကိုယ်သည် လူသားတို့ထုတ်လုပ်သော ဘေးထွက်ဆိုးကျိုးများကို ကာကွယ်နိုင်သည်၊ ခုခံနိုင်သည်ဟု အထင်တကြီးယုံကြည်မှုများသည်လည်း သဘာဝကို အကျိုးမပြုပေ။ သဘာဝနှင့် လူသားတို့သည် တစ်ခုနှင့်တစ်ခု ကွင်းဆက်ပမာ အမှီသဟဲပြုကာ နေထိုင်ကြခြင်းဖြစ်၍ တစ်ဖက်ဖက်တွင် ဆိုးကျိုးဖြစ်ပါက တစ်ဖက်တွင် ခံစားရမည်မှာ မုချပင်ဖြစ်သည်။

သဘာဝကပေးသော အရင်းအမြစ်အားလုံးကို သိပ္ပံပညာဖြင့် ပြုလုပ်နိုင်သည်ဟု စိတ်ကြီးဝင်နေမှုများလည်း မဖြစ်သင့်ပေ။ သိပ္ပံပညာမည်မျှပင်တိုးတက်ပါစေ၊ ဖွံ့ဖြိုးပါစေ၊ သဘာဝပစ္စည်းများကို မည်သို့ပင်တုပထားပါစေ သဘာဝပစ္စည်းများကို မီနိုင်မည်မထင်ပေ။ ပလတ်စတစ်ပန်းနှင့် သဘာဝပန်းများ ရောစပ်ထားသော ပန်းဥယျာဉ်ထဲတွင် ပျားများသည် ပန်းအစစ်ထံမှသာ ဝတ်ရည်စုပ်မည်မှာ အသေအချာပင် ဖြစ်သည်။ သိပ္ပံပညာဖြင့် သဘာဝတရားကြီးကို တုပခဲ့ရာမှ ပလတ်စတစ်ကဲ့သို့ပစ္စည်းများကြောင့် သဘာဝတရားကြီးသည် ပျက်စီးလာနေသည်။ လူတွေသေကျေ ရောဂါရကြသည်။ ကမ္ဘာကြီးမရှိပါက၊ လူသားများ ပျောက်ကွယ်ပါက သိပ္ပံပညာသည်လည်း နတ္ထိဖြစ်သွားမည်ကို ဂရုပြုသင့်ပါသည်။

လူသားများကို လွယ်လွယ်ကူကူ အုပ်ချုပ်စီမံကွပ်ကဲနိုင်သည်ကို ယေဘုယျယူဆချက်များမှာလည်း မှားယွင်းနေဆဲ ဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ အတ္တ၊ လောဘများဖြင့် ပြည့်နှက်နေသော ကမ္ဘာကြီးကို လွယ်လွယ်ကူကူထိန်းချုပ်ရန်မလွယ်ကူပေ။ သဘာဝတရားကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် လက်ခံသူရှိမည်၊ လက်မခံသူရှိမည်၊ လိုက်ပါဆောင်ရွက်သူရှိမည်၊ ဘေးရှောင်နေသူရှိမည်။ သဘာဝတရားကြီးကတော့ သူ့ကိုကူညီမည့်သူကို မျှော်လင့်နေဆဲပင် ဖြစ်သည်။

### စက္ကန့် ၃၀ တိုင်း လူတစ်ဦး သေဆုံး

ပလတ်စတစ်ပစ္စည်းများကို မဆင်မခြင်သုံးစွဲနေမှုများကြောင့် စက္ကန့် ၃၀ တိုင်း လူတစ်ဦး သေဆုံးနေသတဲ့လေ။ အံ့သြထိတ်လန့်စရာပင် ဖြစ်ပါသည်။ ပြီးတော့ ပလတ်စတစ်ပစ္စည်းများကြောင့် ကင်ဆာရောဂါအပါအဝင် အခြားဆက်နွှယ်သောရောဂါများကြောင့် နှစ်စဉ်လူသားများ အသက်သေဆုံးလျက်ရှိနေကြသည်။ မကြာမီကလည်း ကမ္ဘာ့သမုဒ္ဒရာတွေရဲ့အနက်ကိုတိုင်းတာသည့်အဖွဲ့သည် ပေတစ်သောင်းကျော်အနက်သို့အရောက်မှာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ထူးခြားစွာတွေ့ရလို့ အံ့သြမှုဖြစ်ရကြောင်း ဆိုသည်။ ပလတ်စတစ်တွေကို အစာနှင့်အမှတ်စားမိသည့် ကုန်းနေ၊ ရေနေသတ္တဝါတွေ သေကျေပျက်စီးကြရတာတွေကိုလည်း တွေ့မြင်နေရလို့ စိတ်မကောင်းဖြစ်မိသည်။

ကမ္ဘာ့မြေထု၊ ရေထု၊ လေထုအတွင်းမှာ ပလတ်စတစ်နဲ့ပတ်သက်တဲ့ အန္တရာယ်ရှိပစ္စည်းတွေ ဘယ်လောက်အထိပျံ့နှံ့နေပြီလဲ မသိနိုင်ပေ။ သို့သော် သိသာသည့်အချက်များမှာ ပလတ်စတစ်ပစ္စည်းများကြောင့်ဖြစ်သောရောဂါများ ပိုမိုဖြစ်ပွားလာနေသည်။ ဆေးရုံ၊ ဆေးခန်းများ ပိုမိုဖွင့်လှစ်လာကြသည်။ ကျန်းမာရေးအတွက် အသုံးစရိတ်များ ပိုမိုသုံးရသဖြင့် တစ်ဦးချင်းဝင်ငွေများ နည်းပါးသွားကြသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ရှိလာသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက အသိပညာပေးမှုများ ဆောင်ရွက်နေခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံရှိ တချို့သောဆိုင်များတွင် ကိုယ်ပိုင်အိတ်ဖြင့် ဈေးဝယ်လာပါက ချိုချဉ်၊ သကြားလုံးများ လက်ဆောင်ပေးခြင်း၊ စားသောက်ဆိုင်များတွင် ချိုင့်ဖြင့်လာရောက်ဝယ်ယူပါက ဟင်းများ အပိုထည့်ပေးခြင်း၊ သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ထည့်စရာအိတ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်နေသော်လည်း ပလတ်စတစ်ရေသန့်ဘူး ယဉ်ကျေးမှုသည် ပို၍ပို၍ များပြားလာနေပါသည်။ ပညာပေးမှုများရှိသော်လည်း လိုက်နာဆောင်ရွက်မှုမရှိခြင်းမှာ အတ္တ၊ လောဘသားများကြောင့်လား၊ အပြစ်ခြောက်ပါးကို မသိ၍ဘဲလား မသိနိုင်ပေ။

### အစားထိုးသုံးစွဲစေချင်

သို့ဖြစ်ပါ၍ အတ္တ၊ လောဘ၊ ဒေါသကင်း၍ ကိုယ်ချင်းစာတရား၊ မေတ္တာတရားပြည့်ဝသော စိမ်းလန်းစိုပြည်သည့်နိုင်ငံ ဖြစ်လာစေရေးအတွက် ပြည်သူများအားလုံးမှ လိုက်ပါဆောင်ရွက်ကြစေချင်ပါသည်။ အပြုံးပန်းတွေဝေဆာပြီး သန့်စင်သောလေကိုရှူ၍ အေးမြကြည်လင်သောရေကို ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်သည့်စိတ်ဓာတ်များ ကိန်းအောင်းစေချင်ပါသည်။ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများနေရာတွင် ရေရှည်အသုံးပြုနိုင်သည့် အန္တရာယ်ကင်းပစ္စည်းများဖြင့် အစားထိုးသုံးစွဲစေချင်ပါသည်။ အနာဂတ်မျိုးဆက်များအတွက် သန့်စင်သောကမ္ဘာမြေကို လက်ဆောင်အဖြစ်ပေးအပ်ရန် စံနမူနာကောင်းများ ပြပေးစေချင်ပါကြောင်း စေတနာထား တိုက်တွန်းအပ်ပါသည်။ ။

# သက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ ဆွေးနွေးပွဲ (၂၀၁၉) ကျင်းပ




**နေပြည်တော် ဇွန် ၁၁**

ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် သက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေဆွေးနွေးပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ LIFT Fund ၏ အလှူရှင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် မြန်မာ နိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Andrea Faulkner တို့က အဖွင့်အမှာစကား ပြောကြားသည်။

LIFT Fund သည် Multi-Donor Trust Fund တစ်ခုဖြစ်ပြီး ၎င်း၏ဌာနခွဲကို မြန်မာနိုင်ငံ၌ ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးကဏ္ဍ၊ သက်မွေးမှုကဏ္ဍ၊ အသေးစားချေးငွေကဏ္ဍ၊ အာဟာရပြည့်ဝရေးကဏ္ဍနှင့် ရွှေ့ပြောင်းသွားလာနေထိုင်မှုကဏ္ဍများတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀၉ သန်းဖြင့် ကျေးလက်နေပြည်သူများ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူများနှင့် ဆင်းရဲနွမ်းပါးသည့် လူထုအတွက် လူနေမှုဘဝ တိုးတက်မြင့်မားရေးကို အဓိက ဦးတည်ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ နေရပ်ပြန်မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ကယားပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

**လွိုင်ကော် ဇွန် ၁၁**

ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်စခန်းမှ နေရပ်ပြန် မိသားစုဝင်များ၏ သားသမီးများ အခြေခံပညာကျောင်း တက်ရောက်ရန် Placement Test အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲ ၂ နာရီက လွိုင်ကော်မြို့ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ ၌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုကတွေ့ဆုံခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ် အသီးသီးမှ နေရပ်ပြန်မိသားစုများ၏ သားသမီးများ အခြေခံပညာကျောင်းများတွင် ပညာရေးကို ဆက်လက် လေ့လာဆည်းပူးနိုင်ရန် Placement Test အောင်မြင် သည့် ကျောင်းသား ကျောင်းသူ ၂၈ ဦးရှိပြီး ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍတိုးတက်ရေး လိုအပ် သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ နေရပ်ပြန် ကျောင်းသား ကျောင်းသူ များနှင့် မိဘများက လိုအပ်သည်များကို ရှင်းလင်းတင်ပြ ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်အပေါ် ကဏ္ဍအလိုက်ဖော်ဆောင်ပေးနိုင်မည့် အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်ပေးမည့် လုပ်ငန်း များအပေါ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသွား မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထေးငှားလျားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ကျောင်းဝင်းခြံစည်းရိုး ကာရံ နိုင်ရေးအတွက် ငွေကျပ်သိန်း ၃၀၊ နေရပ်ပြန် Placement Test အောင်မြင်သည့် ကျောင်းသားကျောင်းသူ ၂၈ ဦး အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၈ သိန်း ထောက်ပံ့ပေးပြီး Save the Children အဖွဲ့က နေရပ်ပြန် ကျောင်းသား ကျောင်းသူ များအတွက် ကျောင်းသုံးစာရေးကိရိယာများနှင့် တက်ရောက်ပညာသင်ကြားမည့် ကျောင်းများအတွက်



အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ နေရပ်ပြန် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ ကြောင်း သိရသည်။

**လွိုင်ကော်သား**

# ထိုင်း-မြန်မာ နယ်စပ်ဒေသလူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**ကော့သောင်း ဇွန် ၁၁**

(၁၄) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်လူကုန်ကူးမှုများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံး Border Cooperation on Anti-Trafficking in Persons (BCATIP) အစည်းအဝေးကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့ The Heritage Grand Convention တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ သည်။



အစည်းအဝေးတွင် ထိုင်းနိုင်ငံ လူ့ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားလုံခြုံရေးဆိုင်ရာဌာန ရနောင်းခရိုင် ဌာနမှူး၊ ရနောင်း-ကော့သောင်း BCATIP ဥက္ကဋ္ဌ မစ္စ ဝမ်နီဒါစန် နာမစ်နှင့် မြန်မာနိုင်ငံ ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ကော့သောင်း-ရနောင်း BCATIP ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးမျိုးထွန်းဦးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်ကြသည့် မြန်မာ (ကော့သောင်း)-ထိုင်း(ရနောင်း) နှစ်နိုင်ငံ နယ်စပ်ဒေသလူကုန်ကူးမှု များ ပူးပေါင်းတိုက်ဖျက်ရေး ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်း ကိုယ်စားလှယ်များ အပြန်အလှန် တင်ပြညှိနှိုင်း ဆွေးနွေးရာတွင် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် ဖြစ်ပွားလေ့ရှိသည့် လူမှောင်ခိုလူကုန်ကူးမှု ပြဿနာများ၊ စွန့်ပစ်ခံရသည့် ကလေးငယ်များကို သက်ဆိုင်ရာ အုပ်ထိန်းသူများအား ရှာဖွေဆက်သွယ်ဆောင်ရွက်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့် ဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ၊ ရေလုပ်သားနှင့် ရေလုပ်ငန်းနှင့် ဆက်နွယ်သည့် စက်ရုံလုပ်သားများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာကိစ္စများ၊ တစ်ဖက်နိုင်ငံအတွင်း တရားဝင် လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှင့် အလုပ်ရှင်ပြဿနာများ၊ ငါးဖမ်းလေ့လုပ်သားပြဿနာများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းကိစ္စနှင့် မူးယစ်ဆေးဝါးပြဿနာများ မဖြစ်ပေါ်ရေး ပူးပေါင်းညှိနှိုင်း ဆွေးနွေးကြသည်။ ယင်းနောက် နှစ်နိုင်ငံ BCATIP ဥက္ကဋ္ဌများ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံ တာဝန်ရှိအဖွဲ့အစည်းများက ထိုင်းနိုင်ငံ ရနောင်းခရိုင် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးဂေဟာသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ❒ မြန်မာအသင်းမှ

အနိုင်ရခဲ့ခြင်းဖြစ်သည်။ စင်ကာပူလက်ရွေးစင်အသင်းမှာလည်း နည်းပြသစ်တက်ဆုမာ လက်ထက်တွင် လေးရက်အတွင်း နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ကစားခြင်းဖြစ်ပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ဂိုးသမားကျော်ဇင်ထက်က အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူကာ နောက်တန်းတွင် ဝင်းမိုးကျော်၊ ဇော်မင်းထွန်း၊ စိုးမိုးကျော်နှင့် နန္ဒကျော်တို့ ကစားခဲ့သည်။ တိုက်စစ်တွင် ကျော်ကိုကိုနှင့် အောင်သူကို အသုံးပြုကာ ကွင်းလယ်၌ တစ်ကျော့ပြန်လက်ရွေးစင် ရန်အောင်ကျော်ကို စည်သူအောင်၊ မောင်မောင်လွင်၊ လှိုင်းဘိုဘိုတို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည်။စင်ကာပူလက်ရွေးစင်အသင်းသည် ဆော်လမွန်လက်ရွေးစင်အသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းအား အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီး မြန်မာအသင်းကို ရင်ဆိုင်ခဲ့သည်။ မြန်မာအသင်းသည် စင်ကာပူရောက် မြန်မာပရိသတ်များ၏ အားပေးမှုဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၄ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ကာ ကျော်ကိုကိုက အောင်သူ၏ ပေးပို့မှုမှတစ်ဆင့် သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် စင်ကာပူအသင်း ဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ၂၅ မိနစ်တွင် ဂါဘရီရယ်လ်က ဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ၆၇ မိနစ်တွင် တိုက်စစ်မှူး ကျော်ကိုကိုက အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် အိမ်ရှင်စင်ကာပူအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း မြန်မာအသင်းက အကောင်းဆုံးထိန်းချုပ်ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း ကစားသည့် နိုင်ငံတကာ ခြေစမ်းပွဲများတွင် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး မတ်လအတွင်းက ကစားခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲတွင် တရုတ်တိုင်ပေနှင့် ဂိုးမရှိသရေ၊ အင်ဒိုနီးရှားကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကို ယခု တတိယမြောက်ပွဲတွင် အဆုံးသတ်နိုင်ခဲ့ပြီး စင်ကာပူအသင်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ အာရှမီဒီယာထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် ဇွန် ၁၁**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သောအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့၌ ဇွန် ၁၂ ရက် မှ ၁၄ ရက်အထိ Media Digitisation-Focusing on Developing Markets ဆောင်ပုဒ်ဖြင့် ကျင်းပမည့် အာရှမီဒီယာထိပ်သီးအစည်းအဝေး(၂၀၁၉) (Asia Media Summit 2019) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာတို့ လိုက်ပါသွားကြသည်။ **(ယာပုံ)**

**သတင်းစဉ်**

# ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးသည် နိုင်ငံ၏စီးပွားရေး၊ လူနေမှုဘဝ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်

**ရန်ကုန် ဇွန် ၁၁**
ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေးသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက ပြောသည်။

ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက ထို့သို့ပြောကြားခဲ့ခြင်း ဖြစ်သည်။



### အလေးထားဖြေရှင်း

ဆက်လက်၍ ၎င်းက ပြည်တွင်းပဋိပက္ခအချို့ကြောင့် ဆင်းရဲနွမ်းပါးမှုများနှင့် ရွှေ့ပြောင်းနေထိုင်မှုများ၊ ရာသီဥတုပြောင်းလဲခြင်းအကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များ၊ စားနပ်ရိက္ခာမဖူလုံမှုများ၊ လူမှုစီးပွားဘဝ အကျပ်အတည်းများသည် ကလေးများ ပညာဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ဘဲ ကလေးအလုပ်သမားအဖြစ်သို့ တွန်းပို့လျက်ရှိခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ခက်ခဲကြာရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် အလေးထားဖြေရှင်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း ပြောသည်။

မြန်မာနိုင်ငံတွင်ကလေးဦးရေ ၁၂ သန်းကျော်ရှိသည့် အနက် ခြောက်သိန်းကျော်သည် ကလေးအလုပ်သမားများဖြစ်ကာ ကလေးအလုပ်သမား လေးသိန်းခန့်မှာ အန္တရာယ်ရှိသည့်အလုပ်လုပ်ကိုင်နေကြပြီး အသက် ငါးနှစ်မှ ၁၇ နှစ်အထိကလေးဦးရေ ၁၂ ဒသမ ၄ သန်းအနက် ကလေးဦးရေ၏ ၃၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ကလေးအလုပ်သမားဖြစ်ကာ ၂၀ ရာခိုင်နှုန်းကျော်သည် မြို့ပြကလေးအလုပ်သမားများ ဖြစ်နေခြင်းကြောင့် ပြည်တွင်းကလေးအလုပ်သမားဈေးကွက်တွင် ၁၅ နှစ်မှ ၁၇ နှစ်ကြားကလေးများသည် ကလေးအလုပ်သမားအဖြစ် အများဆုံးအလုပ်လုပ်ကိုင်နေကြရသည့် အသက်အပိုင်းအခြားများဖြစ်ပြီး အများစုမှာ မူလတန်းကျောင်းအဆင့်သာပြီးမြောက်ထားသည်ကို ၂၀၁၈ ခုနှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်းအစီရင်ခံစာအရ လေ့လာတွေ့ရှိရကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ သိရသည်။

### သက်ရောက်မှု ပိုမိုများပြား

"ကလေးအလုပ်သမားအများစုဟာ ဆင်းရဲနွမ်းပါးမှု၊ ပညာသင်ခွင့်မရရှိမှုနဲ့ မိသားစုအားထောက်ပံ့ဖို့ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေမှာလုပ်ကိုင်နေရပြီး အကြွေးအတွက် အလုပ်လုပ်ပေးရတဲ့ အလေ့အထကြောင့် အိမ်အကူများအဖြစ် လုပ်ကိုင်နေရတဲ့ ကလေးအလုပ်သမားများအပေါ်မှာ သက်ရောက်မှု ပိုမိုများပြားလျက်ရှိပါတယ်"ဟုအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက ပြောသည်။

ကလေးအလုပ်သမား ပြဿနာကိုကမ္ဘာတစ်ဝန်းလုံးတွင် အလေးထားဆောင်ရွက်နေပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာသဘောတူညီချက် ILO Convention 182 ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အကောင်အထည်ဖော်မှုအစီရင်ခံစာကို ILO သို့ တင်သွင်းခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်(ILO)၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

### အရေးတယူ ကိုင်တွယ်ဖြေရှင်း

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Rory Mungoven က "ဆင်းရဲမွဲတေမှုဟာ ကလေးငယ်တွေကို အလုပ်ခွင်ထဲ တွန်းပို့နေတဲ့ အကြောင်းတရားတွေ ဖြစ်ပါတယ်။ ဒါတွေကို တားဆီးနိုင်မယ့် နည်းလမ်းတွေရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လုပ်ငန်းခွင်ဝင်ဖို့ အနည်းဆုံးအသက်အရွယ် လိုအပ်ချက်တွေနဲ့ ပတ်သက်တဲ့ ILO ရဲ့ပြဋ္ဌာန်းချက်(၁၃၈)နဲ့အညီ ဆောင်ရွက်နိုင်ဖို့ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေတာတွေ၊ ကလေးအလုပ်သမားပြဿနာကို အရေးတယူ ကိုင်တွယ်ဖြေရှင်းနေတာတွေကို အသိအမှတ်ပြုပါတယ်" ဟု ပြောသည်။

ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမားဦးရေ ၁၅၂ သန်းရှိနေပြီး ၇၃ သန်းမှာ ဘေးအန္တရာယ်ရှိသော (သို့မဟုတ်)ဘေးဖြစ်စေနိုင်သောအလုပ်များကို လုပ်ကိုင်နေရကြောင်း၊ ၎င်းကလေးသူငယ်များသည် အခြားကလေးငယ်များထက် ခံစားခွင့်များဆုံးရှုံးလျက်ရှိပြီး စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုအသိုင်းအဝိုင်းတွင်လည်း ထိခိုက်မှုများဖြစ်ပေါ်စေပြီး ယင်းအခြေအနေများကို မျက်ကွယ်ပြုထားမည်ဆိုပါက တိုင်းပြည်၏ အနာဂတ်အလုပ်သမားလုပ်အားမှာ ကျဆင်းလျော့ကျနိုင်ဖွယ်ရှိကြောင်းတွေ့ရှိရပြီး မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများကို စိုက်ပျိုးရေးကဏ္ဍ၌ (၆၀ ဒသမ ၅ ရာခိုင်နှုန်း) နှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ (၁၂ ရာခိုင်နှုန်း) အများဆုံး တွေ့ရှိရသည်ဟု ယနေ့ကျင်းပသည့်အခမ်းအနားတွင် ILO က ထုတ်ပြန်ထားသည်။

### အိပ်မက်တွေ ဆွတ်ခူးနိုင်ဖို့ ကြိုးစားသင့်တဲ့အရွယ်

"ကလေးအလုပ်သမားပြဿနာဟာ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တဲ့ အရေးကိစ္စပဲဖြစ်ပါတယ်။ ဒါတွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ အရွယ်ရောက်ပြီးသား လူကြီးအလုပ်သမားတွေကို မတရားခိုင်းစေတာမျိုး ဖြစ်စေနိုင်ပါတယ်။ ကလေးတွေဟာ လုပ်ငန်းခွင်မှာ ရှိမနေသင့်ပါဘူး။ သူတို့ဟာ ဘေးကင်းလုံခြုံတဲ့ ပတ်ဝန်းကျင်၊ အိမ် ဒါမှမဟုတ် ကျောင်းမှာရှိနေသင့်ပြီး သူတို့ရဲ့အိပ်မက်တွေ ဆွတ်ခူးနိုင်ဖို့အတွက် ကြိုးစားသင့်တဲ့အရွယ်ဖြစ်ပါတယ်" ဟု ILO /My-PEC(မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်)၏ Chief Technical Advisor ဖြစ်သူ Selim Benaissa က ပြောသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ILO မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်း- မင်းသစ်(MNA)**
**ဓာတ်ပုံ- ပြည့်ဖြိုး**

# အရာတော်မြို့နယ်တွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အောင်သာကျေးရွာ ရွာဦးကျောင်းဝင်းအတွင်းရှိ အောင်သုခဓမ္မာရုံ၌ ယနေ့နံနက် ၉ နာရီတွင် ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် အရာတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်စိုးနိုင်နှင့် အမှတ်(၁၄) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှူး ရဲမှူး အောင်လွင်တို့က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် မိဘအုပ်ထိန်းသူများ သိသင့်သိထိုက်သည့် အချက်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရမည့်အချက်များကို ဟောပြောခဲ့ရာ ကျေးရွာနေပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# နောင်ချိုမြို့နယ်တွင် ငမြောင်တောင်ပိုး ဘက်စုံကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေး

**နောင်ချို ဇွန် ၁၁**
ကျောက်မဲခရိုင် နောင်ချိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ငမြောင်တောင်ပိုး ဘက်စုံကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေးပွဲကို ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဦး၊ နောင်ချိုမြို့နယ် အစေ့ထုတ်ပြောင်းတောင်သူများအသင်း ကိုယ်စားလှယ် ဦးအောင်မြင့်ထွန်း၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်တို့က ငမြောင်တောင်ပိုးနှင့်ပတ်သက်၍ အပင်များဖျက်ဆီးပုံနှင့် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို တောင်သူများနှင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်ပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒေါ်ချောစုထွေးက ငမြောင်တောင်ပိုး စတင်ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို လည်းကောင်း၊ အပင်များ ဖျက်ဆီးပုံနှင့် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို လည်းကောင်း၊ မြေဩဇာနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးကို လည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကော်ဖီပင်များ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

# မြန်မာကျပ်ငွေဖြင့် ပြသရောင်းချသည့် ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် မြန်မာကျပ်ငွေ ၁၈၈၀၀ ဒသမ ၁၆ သန်း တန်ဖိုးရှိ ကျောက်စိမ်းအရိုင်း အတွဲ ၁၀၃၈ တွဲ ရောင်းချခဲ့ရ



**နေပြည်တော် ဇွန် ၁၁**
မြန်မာကျပ်ငွေဖြင့် ပြသရောင်းချသည့် ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ဆက်လက်ကျင်းပသည်။

**ကျောက်စိမ်းအရိုင်းပြကွက်များ**

ပြပွဲကျင်းပသည့် နံနက်ပိုင်းမှစတင်၍ ကျောက်စိမ်းအရိုင်းဝယ်ယူခွင့်ရရှိသူများစာရင်း ထုတ်ပြန်ကြေညာလျက်ရှိသည့် ကျောက်စိမ်းခန်းမအတွင်းနှင့် အပြင်ဘက်ရှိ ကျောက်စိမ်းအရိုင်းပြကွက်များတွင် ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက် ၁၀ နာရီတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် တာဝန်ရှိသူများနှင့်အတူ သတ်မှတ်ဇုန်များအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းပြကွက်များအား လေ့လာကြည့်ရှုပြီး ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းရန် လေ့လာနေကြသည့် ကျောက်မျက်ရတနာကုန်သည်များအား ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ ၁၀၅၀ တွဲထိပြသခဲ့ရာ မြန်မာကျပ်ငွေ ၁၈၈၀၀ ဒသမ ၁၆ သန်း တန်ဖိုးရှိ ကျောက်စိမ်းအရိုင်းအတွဲ ၁၀၃၈ တွဲ ရောင်းချခဲ့ရပြီး ဇွန် ၁၂ ရက်တွင် ကျောက်စိမ်းအရိုင်းအတွဲအမှတ် ၁၀၅၁ မှ ၂၁၀၀ ထိကို လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် အတွဲအမှတ် ၂၁၀၁ မှ ၃၁၀၈ တွဲထိကို လည်းကောင်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြပွဲအမျိုးအစားနှစ်မျိုးရှိ**

"ကျောက်မျက်ရတနာတွေ ပြသရောင်းချတဲ့ပွဲမှာ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ပြပွဲနဲ့ မြန်မာငွေနဲ့ ရောင်းချတဲ့ပြပွဲဆိုပြီး ပြပွဲအမျိုးအစား နှစ်မျိုးရှိပါတယ်။ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ပြပွဲကတော့ နိုင်ငံခြားသား ကျောက်မျက်ရတနာကုန်သည်တွေရဲ့ ဝယ်လိုအားကိုကြည့်ပြီး နိုင်ငံခြားငွေရရှိစေဖို့ ကျင်းပတာဖြစ်ပြီး မြန်မာကျပ်ငွေနဲ့ ရောင်းချတဲ့ပြပွဲကိုတော့ ပြည်တွင်းမှာရှိတဲ့ ကျောက်မျက်ရတနာလုပ်ငန်းရှင်အငယ်တွေ ကျောက်ကုန်ကြမ်းရရှိစေဖို့ ဖြစ်ပါတယ်။ ရောင်းချတဲ့ကုန်သည်တွေအတွက်လည်း မြန်မာကျပ်ငွေနဲ့ ပြသရောင်းချတဲ့ အခွင့်အလမ်းရရှိစေဖို့နဲ့ ငွေကြေးလည်ပတ်စေနိုင်ဖို့ဖြစ်ပါတယ်။ ဒီလိုရည်ရွယ်ချက်တွေနဲ့ မြန်မာကျပ်ငွေနဲ့ ပြသရောင်းချတဲ့ပွဲတွေကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲဖြစ်ပေါ်လာပုံကို ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဇဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်ဦးက ပြောသည်။

"ပြပွဲမှာ ကျောက်စိမ်းအရိုင်းတွေနဲ့ ကျောက်မျက်ရတနာအရိုင်းတွေ ပါဝင်ပါတယ်။ ကျောက်မျက်ရတနာအရိုင်းတွေကို မိုးကုတ်မြို့က အများအားဖြင့် လာရောက်ဝယ်ယူကြပြီး ကျောက်စိမ်းအရိုင်းတွေကိုတော့ မန္တလေးမြို့မှာနေတဲ့ ကုန်သည်တွေလာရောက်ဝယ်ယူကြတာများပါတယ်။ ပြပွဲစာရင်းအရ ကျောက်မျက်ရတနာကုန်သည် ၂၀၀၀ ခန့် တက်ရောက်ပါတယ်။ ရောင်းသူရောဝယ်သူကိုပါ ရတနာကုန်သည်လို့သတ်မှတ်ပြီး လက်ရှိဝယ်ယူသူ ၄၀၀ ခန့်ရှိပါတယ်၊ အာမခံ စပေါ်ငွေသွင်းသူတွေကို အမှန်တကယ်ဝယ်ယူမယ့် ရတနာကုန်သည်လို့ သတ်မှတ်ပြီး ကျန်တဲ့သူတွေက ပြသရောင်းချပွဲကို အထောက်အကူဖြစ်စေတဲ့သူတွေဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

**အာမခံစပေါ်ငွေရဲ့ ၁၀ ဆ ဝယ်ယူခွင့်ပြု**

"ဒီနေ့ကတော့ ကျောက်စိမ်းတွဲရောင်းချတဲ့ ပထမနေ့ဖြစ်ပါတယ်။ ဝယ်ယူခွင့်ရရှိသူတွေကို သေချာစွာစိစစ်ထုတ်ပြန်ပေးလျက်ရှိပါတယ်။ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချပေးခြင်းဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ဇုန်တွေမှာ အနီးစပ်ဆုံး ပုံသဏ္ဌာန်တူ၊ အမျိုးအစားတူ ကျောက်တွေကို အတွဲလိုက် ခင်းကျင်းပြသထားပါတယ်၊ ကျောက်စိမ်းအရိုင်းအတွဲ ၃၁၀၈ တွဲ ပြသထားပါတယ်။ ကျောက်တွဲတစ်တွဲချင်းစီတိုင်းမှာ ကျောက်ရဲ့တွဲအမှတ်၊ အလေးချိန်၊ အတုံးအရေအတွက်တွေကိုလည်း ဖော်ပြထားပါတယ်။ အဲဒါကိုကြည့်ပြီး အမြင့်ဆုံးပေးနိုင်တဲ့ဈေးနှုန်း အဆိုပြုလွှာတွေကို တင်သွင်းရမှာဖြစ်ပါတယ်။ လုံလောက်တဲ့ အာမခံစပေါ်ငွေသွင်းထားပြီး ဈေးနှုန်းအများဆုံးပေးတဲ့သူကို ဝယ်ယူခွင့် ထုတ်ပြန်ကြေညာပေးပါတယ်။ ကျောက်စိမ်းရဲ့ အခြေခံဈေးကို ၁၀ သိန်း သတ်မှတ်ထားပါတယ်။ အာမခံစပေါ်ငွေရဲ့ ၁၀ ဆ ဝယ်ယူခွင့်ပြုထားပါတယ်"ဟု အထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက ပြောသည်။

အခွန်ကောက်ခံရရှိမှုများနှင့် ပတ်သက်၍လည်း ၎င်းက "ပြည်ထောင်စု အခွန်အကောက်ဥပဒေအရ ကျောက်စိမ်းအရိုင်းတွေအပေါ်မှာ ၁၅ ရာခိုင်နှုန်း၊ ကျောက်မျက်အရိုင်းတွေအပေါ် ၁၀ ရာခိုင်နှုန်း ပြဋ္ဌာန်းထားပါတယ်။ ကျောက်မျက်ရတနာဥပဒေအရ ဝန်ဆောင်ခအနေနဲ့ ကျောက်စိမ်းအရိုင်းထည်တွေအပေါ် သုံးရာခိုင်နှုန်းနဲ့ အချောထည်အပေါ် တစ်ရာခိုင်နှုန်းကောက်ယူပါတယ်" ဟု ပြောသည်။

**လူတန်းစားမျိုးစုံ လာရောက်လေ့လာ**

ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် လေ့လာကြည့်ရှုလျက်ရှိသည့် ကျောက်မျက်ရတနာကုန်သည် ကိုအောင်သာထူးက "မန္တလေးကနေလာရောက်ရခြင်းဖြစ်ပါတယ်။ မြန်မာကျပ်ငွေနဲ့ပြသရောင်းချပေးတဲ့အတွက် အလွှာမျိုးစုံက လူတန်းစားမျိုးစုံ လာရောက်လေ့လာ ဝယ်ယူနိုင်တာပေါ့ဗျာ။ ကြမ်းခင်းဈေးကလည်း ၁၀ သိန်းသတ်မှတ်ထားတယ်ဆိုတော့ သူနိုင်တဲ့အတန်းနဲ့သူ ဝယ်ယူကြတယ်။ မြန်မာကျပ်ငွေနဲ့ဆိုတော့ လူတန်းစားမျိုးစုံ အဆင်ပြေတယ်လို့ပြောရမှာဖြစ်ပါတယ်။ ကျောက်မျက်ရတနာဆိုတာ ဈေးကွက်ပေါ်မူတည်ပြီး ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ အကျိုးတူရောင်းဝယ်တဲ့နေရာမှာ ဝယ်ယူပြီးရင် အောင်နိုင်မယ်လို့ယူဆရတဲ့ကျောက်တွေကို တော်တော်များများ တွေ့ရပါတယ်။ ကျောက်အရောင်းအဝယ်ဆိုတာကတော့ တစ်ဦးနဲ့တစ်ဦး အယူအဆမတူနိုင်ပါဘူး။ ကျောက်မျက်ရတနာကုန်သည်တွေအားလုံးကို အဆင်ပြေချောမွေ့စေချင်ပါတယ်။ မြန်မာ့ကျောက်မျက်ဈေးကွက် ပိုပြီးဦးမော့လာစေချင်တယ်။ နိုင်ငံကိုအခွန်မဆောင်ဘဲ ပြည်ပကို ခိုးထွက်နေတဲ့လမ်းကြောင်းတွေကို တင်းတင်းကျပ်ကျပ်တားမြစ်စေချင်တယ်။ မန္တလေးမှာ ကျောက်မျက်ရတနာတွေရောင်းဝယ်တဲ့အခါ တရားဥပဒေနဲ့အညီ အာမခံပေးတဲ့အဖွဲ့အစည်းတစ်ခု အခိုင်အမာရှိစေချင်တယ်။ ဒါမှလည်း မြန်မာ့ကျောက်မျက်ရတနာတွေဟာ ပိုပြီးတန်ဖိုးရှိလာမယ်။ နိုင်ငံတော်လည်း အခွန်ငွေတွေ များများရမယ်။ လူထုလူတန်းစားမျိုးစုံလည်း ပိုမိုအဆင်ပြေလာမှာဖြစ်ပါတယ်"ဟု ပြောသည်။

**မင်းမင်းဇော်(ကလေး၀)**

# စီးတီးဘတ်စ်နှင့် မီနီဘတ်စ်များကို ပြည်တွင်း၌ စတင်ထုတ်လုပ်လျက်ရှိပြီး တစ်နှစ်လျှင် အစီးရေ ၅၀၀ ခန့် ထုတ်လုပ်သွားမည်

**ရန်ကုန် ဇွန် ၁၁**
မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အပံ့ဖြစ်စေရန်နှင့် ယာဉ်အိုယာဉ်ဟောင်းများ နေရာတွင် ယာဉ်သစ်များ အစားထိုးပြောင်းလဲနိုင်ရန် အတွက် စီးတီးဘတ်စ်နှင့် မီနီဘတ်စ်ယာဉ်များကို ပြည်တွင်း၌ စတင်ထုတ်လုပ်လျက်ရှိကြောင်း Daewoo Bus Myanmar ကုမ္ပဏီမှ သိရသည်။

လက်ရှိကာလတွင် ဒေဝူးစီးတီးဘတ်စ် BS 106 နှင့် လက်စတာမီနီဘတ်စ်နှစ်မျိုးကို တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ပြီး ရှေ့ပြေးထုတ်လုပ်မှုအနေဖြင့် စီးတီးဘတ်စ် BS ငါးစီးနှင့် လက်စတာမီနီဘတ်စ် ငါးစီးကို စတင်ထုတ်လုပ်နေကြောင်း သိရသည်။

**ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်နိုင်မည်**

အဆိုပါ မော်ဒယ်သစ်ကားနှစ်မျိုးကို ကိုရီးယားနိုင်ငံတွင် လက်ရှိထုတ်လုပ်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှလည်း ထုတ်လုပ်ခွင့်ရရှိကာ နိုင်ငံတွင်းသာမက ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကားများ ထုတ်လုပ်ရာတွင် မြန်မာနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော SKD အဆင့်ထက် များစွာမြင့်မားပြီး BS 106 မှာ CKD အဆင့်ဖြင့် ထုတ်လုပ်လျက်ရှိကာ လက်စတာမီနီဘတ်စ်မှာ CKD အနိမ့်ဆုံးအဆင့်ဖြင့် တပ်ဆင်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း Daewoo Bus Myanmar ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်ကျော်အောင်က ပြောကြားသည်။



"မော်တော်ယာဉ်တွေ ထုတ်လုပ်တပ်ဆင်နိုင်ဖို့အတွက် မြန်မာအင်ဂျင်နီယာတွေကို ကိုရီးယားနိုင်ငံသို့စေလွှတ်ပြီး လေ့လာသင်ကြားစေခဲ့ပါတယ်။ ရှေ့ပြေးစမ်းသပ်ထုတ်လုပ်မှုတွေ လုပ်ဆောင်တဲ့နေရာမှာလည်း ကိုရီးယားအင်ဂျင်နီယာ ၂၁ ဦးက အနီးကပ်ကြီးကြပ်သင်ကြားပေးလျက်ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

**ဖွင့်လှစ်သွားမည်**

Daewoo Bus Myanmar အနေဖြင့် တစ်နှစ်လျှင် အစီးရေ ၅၀၀ ခန့် ထုတ်လုပ်သွားမည်ဖြစ်ပြီး ကားနှင့်ပတ်သက်၍ ဝန်ဆောင်မှုလုပ်ငန်းနေရာများကို ရန်ကုန် ထောက်ကြန့်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ စီးတီးဘတ်စ် အမျိုးအစားဖြစ်သည့် BS 106 ကို စီအင်န်ဂျီနှင့် ဒီဇယ်နှစ်မျိုးလုံး ထုတ်လုပ်မည်ဖြစ်ပြီး မော်ဒယ်သစ်ကားများအဖြစ် Express ကားများနှင့် Tour Bus များကို ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ Daewoo Bus Myanmar သည် ၂၀၁၇ ခုနှစ် မတ်လတွင် စတင်တည်ထောင်ပြီး ရန်ကုန်-ပြည်လမ်းမကြီးဘေးရှိ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်(မြောက်) ရပ်ကွက်တွင် အကျယ် ၁၄ ဧကရှိ မြေကွက်ကို နိုင်ငံတော်အစိုးရထံမှ နှစ်ရှည်ငှားရမ်းကာ စက်ရုံတည်ဆောက်ထားခြင်းဖြစ်သည်။

ကိုရီးယားနိုင်ငံရှိ ဒေဝူးကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်ထားခြင်းဖြစ်ပြီး Daewoo Bus ကုမ္ပဏီမှ ၂၅ ရာခိုင်နှုန်း၊ Daewoo Bus Myanmar မှ ၇၅ ရာခိုင်နှုန်းဖြင့် စက်ရုံကို တည်ထောင်ထားခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ဝန်ထမ်းဦးရေ ၁၀၀ ကျော်ဖြင့် လုပ်ငန်းများဆောင်ရွက်နေပြီး ဝန်ထမ်းအင်အား ထပ်မံဖြည့်တင်းသွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**ရှစ်နိုင်ငံမြောက်ဖြစ်**

ဒေဝူးကုမ္ပဏီသည် ကိုရီးယားနိုင်ငံတွင် ပထမဆုံးဘတ်စ်ကားထုတ်လုပ်သော စက်ရုံဖြစ်ပြီး နှစ်စဉ် ကားအစီးရေ ၁၅၀၀၀ ကျော် ထုတ်လုပ်လျက်ရှိကာ တရုတ်၊ ကော်စတာရီကာ၊ ဗီယက်နမ်၊ ကာဇက်စတန်၊ ပါကစ္စတန်၊ တရုတ်(တိုင်ပေ)စသော ပြည်ပနိုင်ငံများတွင် SKD စနစ်ဖြင့် ထုတ်လုပ်လျက်ရှိပြီး ယခုအခါ မြန်မာနိုင်ငံတွင် ရှစ်နိုင်ငံမြောက်အဖြစ် စက်ရုံတည်ဆောက်ထုတ်လုပ်ခြင်းဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ- ရာမည**

# တောင်ငူခရိုင်အတွင်း ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

ကျေးလက်နေလူငယ်များ၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေနှင့် နီးစပ်ပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်အတွက် ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းကို ယနေ့ နံနက် ၉ နာရီက တောင်ငူခရိုင် အုတ်တွင်းမြို့ရှိ သစ်တော အခြေခံပညာမူလတန်းလွန်ကျောင်း၊ ဟင်းငုတ်ပင် အထကခွဲနှင့် ထန်းတပင်မြို့နယ်ရှိ အခြေခံပညာကျောင်း နှစ်ကျောင်းတွင် ပြုလုပ်သည်။



**ပူးပေါင်းဆောင်ရွက်**

သုံးဘီးမော်တော်ဆိုင်ကယ်များဖြင့် ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများအား ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်း၊ ရုပ်ပုံစာအုပ်များဖြင့် ပုံပြင်ပြောခြင်း၊ ဘုတ်ပြားပြဇာတ်၊ စက္ကူပြဇာတ်များအသုံးပြု၍ သရုပ်ပြပုံပြင်ပြောခြင်း၊ ကလေးရုပ်ပြစာအုပ်များကို ဖတ်ရှုစေခြင်း၊ ကလေးရုပ်ပြစာအုပ် ၁၀၀ စီ ငှားရမ်းပေးခြင်းများ ဆောင်ရွက်ကြခြင်းဖြစ်သည်။

တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်များရှိ ကျောင်းနှစ်ကျောင်းစီတွင် ယမန်နေ့က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဇွန် ၁၂ ရက်တွင် ဖြူးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း နှစ်ကျောင်းစီတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းကို သုံးဘီးမော်တော်ဆိုင်ကယ်များဖြင့် လှည့်လည်ဆောင်ရွက်ရာတွင် ကျောင်းတစ်ကျောင်းလျှင် ကလေးရုပ်ပြစာအုပ် ၁၀၀ ကို တစ်လတစ်ကြိမ် လဲလှယ်ငှားရမ်းပြီး ဖတ်ရှုစေခြင်း၊ ရုပ်ပုံစာဖြင့် ပုံပြင်ပြောခြင်း၊ ဘုတ်ပြားပြဇာတ်၊ စက္ကူပြဇာတ်များ အသုံးပြု၍ သရုပ်ပြပုံပြင်ပြောခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ရာ ကလေးငယ်များ စာဖတ်စွမ်းရည် တိုးတက်မြင့်မားလာခြင်း၊ စာဖတ်သည့်အလေ့အထကောင်းများ ပိုမိုမြှင့်တင်ပေးနိုင်ခြင်း၊ ဆရာ ဆရာမများအနေဖြင့် စာအုပ်များကို သင်ထောက်ကူပစ္စည်းအဖြစ် အသုံးချနိုင်ခြင်း၊ ပုံပြင်နားထောင်၍ ပြန်လည်ပြောဆိုတတ်ခြင်း၊ စာအုပ်များ ငှားရမ်းဖတ်ရှုလိုစိတ် အလေ့အထကောင်းများ ဖြစ်ပေါ်နိုင်ခြင်းများ ရရှိနိုင်ကြောင်း SVA မှ ဂျပန်နိုင်ငံသူ ဒါရိုက်တာ အကီနာကဟရက ပြောကြားသည်။

**နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့သည် မြန်မာနိုင်ငံတွင် ကလေးများအတွက် စာအုပ်များထုတ်ဝေရန်၊ စာဖတ်စွမ်းရည် တိုးတက်လာစေရန်၊ စာတတ်မြောက်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၄ ခုနှစ်မှစ၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ၁၄ မြို့နယ်တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ပဲခူးခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း ဇွန်လမှစ၍ တောင်ငူခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တွင် တစ်မြို့နယ်လျှင် အခြေခံပညာကျောင်း ၁၅ ကျောင်းစီ ရွေးချယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သွေးလွန်တုပ်ကွေးရောဂါ ကုသရေးဆိုင်ရာ သင်တန်းပို့ချ

**မကွေး ဇွန် ၁၁**

ကျန်းမာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၂၀၁၈ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုနှင့် သေဆုံးမှု အများဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုအနက် ဒုတိယအများဆုံးဖြစ်ပေါ်ခဲ့သည့် မကွေးတိုင်းဒေသကြီး၌ ကာကွယ်ရေးနှင့် ကုသရေးပိုင်းဆိုင်ရာ သင်တန်းကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်မှ မြို့နယ်ဆရာဝန်ကြီးများ၊ တိုက်နယ်ဆရာဝန်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

"၂၀၁၈ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးမှာ သွေးလွန်တုပ်ကွေး ၃၀၅၆ ဦး ဖြစ်ပွားခဲ့ပြီး ၁၈ ဦး သေဆုံးခဲ့ပါတယ်။ တစ်နိုင်ငံလုံး အချက်အလက်နဲ့နှိုင်းယှဉ်ရင် မကွေးတိုင်းဒေသကြီးက ဒုတိယအများဆုံးဖြစ်ပါတယ်။



ဖြစ်ပွားမှုနဲ့ သေဆုံးမှုအများဆုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ရန်ကုန်၊ မကွေး၊ ဧရာဝတီ၊ မွန်နဲ့ စစ်ကိုင်းတို့ ဖြစ်ပါတယ်။ ကလေးတွေ သွေးလွန်တုပ်ကွေးမဖြစ်အောင် ကာကွယ်တာက တစ်ပိုင်း၊ ဖြစ်လာရင်လည်း ကုသရေးအပိုင်းမှာ အကောင်းဆုံးဖြစ်အောင်၊ သေဆုံးမှု အတတ်နိုင်ဆုံးလျော့နည်းအောင် ကုသရေးအပိုင်းကို အဆင့်မြှင့်တင်တာဖြစ်ပါတယ်"ဟု ဒေါက်တာကြည်သာဆွေက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ပြောကြားသည်။

သင်တန်းတွင် တိုင်းဒေသကြီး ငှက်ဖျားတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာကြည်သာဆွေက National Strategic Plan for Prevention and Control of Dengue၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာဇော်လှိုင်တိုးက Adult Dengue၊ ဆေးတက္ကသိုလ်(မကွေး)မှ ကထိက (ကလေးကျန်းမာ) ဒေါက်တာဝင်းမာက Dengue Clinical Management Guideline အကြောင်းများကို သင်ကြားပို့ချခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း ယနေ့အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၈၆ ဦးထိရှိပြီး သေဆုံးမှုမရှိကြောင်း၊ အသက် ၁၅ နှစ်အောက် (အထူးသဖြင့် အသက် ငါးနှစ်မှ ကိုးနှစ်အတွင်း) ကလေးများတွင် ရောဂါအဖြစ်များပြီး သက်ကြီးပိုင်းများတွင်လည်း ရောဂါဖြစ်ပွားမှုတွေ့ရကြောင်း၊ ယခင်က မိုးရာသီအတွင်းသာ ဖြစ်ပွားတတ်သောရောဂါဖြစ်ပြီး ယနေ့ခေတ်တွင် ရာသီမရွေး ဖြစ်ပွားနေသည်ကို တွေ့ရကြောင်း တိုင်းဒေသကြီးငှက်ဖျားတိုက်ဖျက်ရေးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

မြန်မာ(၁၀)တန်းအောင်ကျောင်းသားကျောင်းသူများနှင့် မိဘများအတွက်
"ဆယ်တန်းအလွန် အနာဂတ်ပညာရေး ရွေးချယ်ခြင်းဆိုင်ရာသိကောင်းစရာများ" အကြောင်းဆွေးနွေးပွဲ . . .

- စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ပိုလီဝင်ခွင့်သိမှတ်ဖွယ်ရာများ
- နိုင်ငံတကာတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
- ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ် အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
- ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာပြင်ဆင်သင့်သလဲ
- ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
- နိုင်ငံတကာပညာရေးနှင့် ပြည်တွင်းပညာရေး သင်ယူသင်ကြားမှုဆိုင်ရာ ကွဲပြားခြားနားချက်များ
- နိုင်ငံတကာပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ



ဆွေးနွေးမည့်သူ
ဦးအောင်ကျော်ဆန်း
(CROWN Education & Royal Academic Institute)

Yangon Seminar
Jun 15th
10:00 AM - 1:00 PM
NOVOTEL HOTEL

Mandalay Seminar
Jun 16th
9:00 AM - 12:00 Noon
HOTEL MANDALAY

Tel : 01 527 838, 09 44 55 66 701 ~ 702
CROWN EDUCATION
ROYAL ACADEMIC INSTITUTE

# ယူရို ၂၀၂၀ ခြေစစ်ပွဲတွင် ဆွီဒင်ကို အနိုင်ရပြီး အုပ်စုအဆင့်တွင် စပိန် ထိပ်ဆုံးက ဦးဆောင်နေ



ယူရို ၂၀၂၀ ခြေစစ်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲ၏ အုပ်စု (F) ပွဲစဉ်တစ်ပွဲဖြစ်သည့် စပိန်အသင်းနှင့် ဆွီဒင်အသင်းတို့၏ ပွဲစဉ်တွင် စပိန်အသင်းက ဆွီဒင်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းသည် ပွဲကစားချိန် ၆၄ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရရှိခဲ့ပြီး အဆိုပါ ပင်နယ်တီပြစ်ဒဏ်ဘောကို နောက်တန်းကစားသမား ရာမို့စ်က ဂိုးအဖြစ်ပြောင်းလဲပေးခဲ့ခြင်းဖြစ်သည်။ ရာမို့စ်သည် ယခုတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၁၅၆ ပွဲပါဝင်ကစားပေးခဲ့ပြီးချိန်တွင် သွင်းဂိုး ၂၀ အထိ သွင်းယူနိုင်ခဲ့သည့် နောက်တန်းကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့သည်။

နောက်ထပ် စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၈၅ မိနစ်တွင် တိုက်စစ်မှူး မိုရက်တာက ပင်နယ်တီသွင်းဂိုးဖြင့်လည်းကောင်း၊ ပွဲကစားချိန် ၈၇ မိနစ်တွင် အိုယာဇာဘယ်ကလည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အိုယာဇာဘယ်၏ အဆိုပါသွင်းဂိုးသည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၎င်း၏ ပထမဆုံး သွင်းယူနိုင်ခဲ့သည့် သွင်းဂိုးလည်းဖြစ်သည်။

စပိန်အသင်းသည် အုပ်စုအဆင့်တွင် ဆွီဒင်အသင်း၊ ရိုမေးနီးယားအသင်း၊ နော်ဝေအသင်း၊ မယ်လ်တာအသင်း၊ ဖာရိုးကျွန်းစုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး လက်ရှိအုပ်စုအဆင့်တွင် လေးပွဲကစားထားပြီးနောက် ရမှတ် ၁၂ မှတ်ရရှိထားကာ အုပ်စုကို ထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့သည်။ အဆိုပါအုပ်စုတွင် ဆွီဒင်အသင်းက ခုနစ်မှတ်၊ ရိုမေးနီးယားအသင်းက ခုနစ်မှတ်၊ နော်ဝေအသင်းက ငါးမှတ်၊ မယ်လ်တာအသင်းက သုံးမှတ်ရရှိထားပြီး ဖာရိုးကျွန်းစုအသင်းမှာ လေးပွဲကစားပြီးချိန်အထိ ရမှတ်မရရှိသေးကြောင်း သိရသည်။



# ဂိုးသမား ဂျန်အောဘလက် မန်ယူအသင်းသို့ ပြောင်းရွှေ့မည်

ဂိုးသမား ဂျန်အောဘလက်သည် လက်ရှိကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ထွက်ခွာကာ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ဂိုးသမား ဂျန်အောဘလက်သည် ကလေးဘဝကတည်းက မန်ယူအသင်း ပရိသတ်တစ်ဦးဖြစ်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မန်ယူအသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဂျန်အောဘလက်သည် ပြီးခဲ့သည့် တစ်ပတ်အတွင်းကတည်းက အသင်းမှ ထွက်ခွာမည့် သတင်းများထွက်ပေါ်ခဲ့ပြီး တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ လူးကတ်ဟာနန်ဒက်ဇ်၊ ဒီယေဂိုဂိုဒင်၊ ဖိလစ်ပီလူးဝစ်နှင့် ဂျူအန်ဖရန်တို့လည်း အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လမ်းခွဲမည်ဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် လက်ရှိ ဂိုးသမား ဘတ်ဖွန်မှာ နွေရာသီဈေးကွက်အတွင်း အသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် အဆိုပါကစားသမားနေရာတွင် အစားထိုးရန် ဂျန်အောဘလက်ကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ ထို့အတူ မန်ယူအသင်းကလည်း ဂိုးသမားဒီဂီယာ၏ အနာဂတ်မှာ မသေချာခြင်းကြောင့် ဂျန်အောဘလက်ကို စိတ်ဝင်စားနေပြီး ဂျန်အောဘလက်ကလည်း ပရီမီယာလိဂ်သို့သာ ပြောင်းရွှေ့ကစားမည်ဟု ပြောကြားခဲ့သည်။ ဂျန်အောဘလက်သည် အက်သလက်တီကိုမက်ဒရစ်နှင့် ၂၀၂၃ ခုနှစ်အထိ စာချုပ်ထားကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

# မင်းသမီး ကင်နမ်ဂျူကို လူပျောက်တိုင်ကြားပြီးနောက် ပြန်လည်တွေ့ရှိ

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အနုပညာကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ကင်ဆန်ဝူးနဲ့ မင်းသမီး ကင်နမ်ဂျူတို့ဟာ လတ်တလောမှာ စကားများခဲ့ကြပြီးနောက် ဇနီးဖြစ်သူ အိမ်မှာမရှိဘဲ ပျောက်နေတာကြောင့် ကင်ဆန်ဝူးက ရဲစခန်းကို အကြောင်းကြားကာ လူပျောက်တိုင်ခဲ့ပါတယ်။ အဲဒီနောက် ဇနီးဖြစ်သူဟာ အိမ်ကို ပြန်လည်ရောက်ရှိလာခဲ့ကြောင်း အောကေပေ့ပ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအကြောင်းတွေကိုတော့ ဇွန် ၇ ရက်မှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ကင်နမ်ဂျူက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလို စကားများခဲ့ကြပြီး လူပျောက်တိုင်ရတဲ့အထိ ဖြစ်ခဲ့တာကြောင့် သူတို့နှစ်ဦးရဲ့ အိမ်ထောင်ရေးအဆင်မပြေကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တာကြောင့် ကင်နမ်ဂျူက အင်တာဗျူးမှာ ပြန်လည်ရှင်းလင်းခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

မေ ၃၀ ရက်မှာ ကင်ဆန်ဝူးက ဇနီးဖြစ်သူ ပျောက်ဆုံးနေကြောင်း ရဲစခန်းကို တိုင်ကြားခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ စကားများခဲ့ပြီးနောက် ကင်နမ်ဂျူက အိမ်ကနေထွက်သွားခဲ့တာ ဖြစ်ပါတယ်။ ကင်နမ်ဂျူရဲ့ပြောကြားချက်အရ သူဟာ သူငယ်ချင်းတစ်ဦးနဲ့ သွားရောက်



တွေ့ဆုံခဲ့တာဖြစ်ပြီး တွေ့ဆုံပွဲမှာ အချိန်ကြာနေခဲ့ကာ သူ့ရဲ့ဖုန်းကလည်း ပိတ်သွားခဲ့တာကို သူ့အနေနဲ့ သတိမထားမိလိုက်ကြောင်း ပြောကြားခဲ့ပါတယ်။ ခင်ပွန်းဖြစ်သူကတော့ သူ့ကို ဆက်သွယ်လို့မရတာကြောင့် ရဲစခန်းကို လူပျောက်တိုင်ကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ ကင်နမ်ဂျူက သူတို့နှစ်ဦးရဲ့အိမ်ထောင်ရေးဟာ အဆင်ပြေကြောင်းနဲ့ စကားများခဲ့တာဟာလည်း ကြီးမားတဲ့ပြဿနာမဟုတ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ခင်ပွန်းဖြစ်သူဟာ သူ့ကို အလွန်ချစ်ခင်သူဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။ ကင်ဆန်ဝူးနဲ့ ကင်နမ်ဂျူတို့ဟာ ၂၀၀၅ ခုနှစ်မှာ လက်ထပ်ခဲ့ကြတာဖြစ်ပြီး လက်ရှိမှာတော့ သားတစ်ဦး၊ သမီးတစ်ဦး ရရှိခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

# Frozen ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

အောင်မြင်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ကားဖြစ်တဲ့ “Frozen” ရဲ့ဒုတိယမြောက် ရုပ်ရှင်သစ်ကိုတော့ လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၃ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့ပြီး ပရိသတ်အားပေးမှုရရှိခဲ့တဲ့ “ Frozen ” ရုပ်ရှင်ရဲ့ နောက်ထပ်ရုပ်ရှင်သစ်ကို ဇွန် ၁၁ ရက်က စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ဒစ်စနေက ထုတ်လွှင့်ပေးခဲ့တဲ့ ဒီအစမ်းရုပ်ရှင်မှာတော့ အဓိကဇာတ်ကောင်တွေဖြစ်ကြတဲ့ အန်နာနဲ့ အယ်လ်ဆာတို့ ညီအစ်မနှစ်ဦးရဲ့ဝတ်စားခန်းသစ်တွေ ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။

“Frozen 2” အတွက် ပထမဆုံးသော အစမ်းရုပ်ရှင်ကိုတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ထုတ်လွှင့်ပြသခဲ့တာဖြစ်ပါတယ်။ လတ်တလောပြသခဲ့တဲ့ အစမ်းရုပ်ရှင်ကတော့ ဒုတိယမြောက်ဖြစ်ပြီး အဆိုပါရုပ်ရှင်သစ်ကိုတော့ လာမယ့်နိုဝင်ဘာ ၂၇ ရက်မှာ ကမ္ဘာတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်



# အနုပညာလှုပ်ရှားမှုတွေကို မကြာမီ ပြန်လည်လုပ်ဆောင်တော့မယ့် ကင်ဆိုးယန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်ဆိုးယန်ဟာ လက်ရှိမှာ စစ်မှုထမ်းဆောင်နေတာဖြစ်ပြီး မကြာမီမှာတော့ စစ်မှုထမ်းရက်တွေ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ လာမယ့်ဇူလိုင်လအတွင်း စစ်မှုထမ်းဆောင်မှုပြီးဆုံးတော့မှာဖြစ်တဲ့ ကင်ဆိုးယန်ရဲ့ အနုပညာလှုပ်ရှားမှုတွေကို မကြာမီမှာ ပြန်လည်တွေ့မြင်ရတော့မှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသားရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်ကလည်း ကင်ဆိုးယန်ဟာ စစ်မှုထမ်းဆောင်မှုပြီးဆုံးသွားပါက အလှကုန်ပစ္စည်းတစ်ခုရဲ့ အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သွားမှာဖြစ်ပြီး သူ့ရဲ့ ပရိုမိုးရှင်းလုပ်ငန်းတွေကိုလည်း လုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိမှာလည်း မင်းသားဟာ ဇာတ်လမ်းတွဲတွေအတွက် ကမ်းလှမ်းမှုတွေ လက်ခံရရှိထားပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

# အိုကီနာဝါခရိုင်တွင်းရှိ ကျွန်းစုများအကြားတွင် တရုတ်လေယာဉ်တင်သင်္ဘောဖြတ်သန်းဟု ဂျပန်အတည်ပြု



**တိုကျို ဇွန် ၁၁**
ဂျပန်နိုင်ငံ အိုကီနာဝါ ခရိုင်အတွင်းရှိ ကျွန်းစုနှစ်ခုအကြားတွင် တရုတ်နိုင်ငံမှ လေယာဉ်တင် သင်္ဘောလျှောင်နင်းဖြတ်သန်းခုတ်မောင်းခဲ့သည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ အတည်ပြုပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

အိုကီနာဝါ ကျွန်းမကြီးနှင့် မီယာကိုကျွန်းအကြားရှိ ရေလမ်းကြောင်းတွင် ဇွန် ၁၁ ရက် နံနက်ပိုင်းက တရုတ်ရေတပ်မှ လေယာဉ်တင်သင်္ဘော ဖြတ်သန်းခဲ့သည်ဟု ဂျပန်ကိုယ်ပိုင်ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့ပြီး ယင်းသို့ဖြတ်သန်းမှုမှာ တရုတ်နိုင်ငံအရှေ့ဖျားပင်လယ်မှ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ လမ်းကြောင်းရှာဖွေမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ယင်းရေလမ်းကြောင်း ခရီးစဉ်အတွင်း တရုတ်လေယာဉ်တင်သင်္ဘောနှင့်အတူ တရုတ်ရေတပ်မှ လောင်စာဆီထောက်ပံ့ရေး ရေယာဉ်အပါအဝင် အခြားရေယာဉ်များလိုက်ပါသည်ကို မြင်တွေ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။

တရုတ်ရေတပ်မှ လေယာဉ်တင် သင်္ဘောလျှောင်နင်းသည် ဂျပန်နိုင်ငံ၏ ရေပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းမရှိဘဲ လတ်တလောထွက်ပေါ်နေသည့် သတင်းများအရ ယင်းလေယာဉ်တင်သင်္ဘောသည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းသို့ ဦးတည်နေကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက တရုတ်လေယာဉ်တင် သင်္ဘောလျှောင်နင်းသည် ဂျပန်နိုင်ငံ အိုကီနာဝါဒေသရှိ ကျွန်းစုနှစ်ခုအကြား ဖြတ်သန်းခုတ်မောင်းခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့အပြီးတွင် ယခုနှစ်အတွင်း အဆိုပါဒေသ၌ ဖြတ်သန်းခုတ်မောင်းမှုများ ပြုလုပ်ခဲ့သည်ဟု ဒုတိယအကြိမ်မြောက် သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# နယူးယောက်စီးတီးတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျ ရဟတ်ယာဉ်မောင်းသူသေဆုံး



**နယူးယောက်စီးတီး ဇွန် ၁၁**
အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီးတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ပြီးနောက် မြို့တော်အတွင်း ရဟတ်ယာဉ်များဖြတ်သန်းသွားလာမှုကိုပိတ်ပင်ရန် တောင်းဆိုမှုများ မြင့်တက်လာခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် နယူးယောက်စီးတီး မန်ဟတ်တန်စီးရင်စုရှိ မိုးမျှော်တိုက် တစ်ခုပေါ်သို့ ရဟတ်ယာဉ်တစ်စီးပျက်ကျခဲ့သည်။ အဆိုပါရဟတ် ယာဉ်ပေါ်တွင် အမျိုးသားယာဉ်မောင်းတစ်ဦးသာ လိုက်ပါ စီးနင်းလာခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ် ပျက်ကျမှုသည် လေယာဉ်မောင်းသူ၏ ပေါ့ဆမှုကြောင့်ဖြစ်ပြီး အကြမ်းဖက်မှုလုပ်ရပ်မဟုတ်ကြောင်း ဒေသန္တရ အာဏာပိုင်များက ဆိုသည်။

အဆိုပါရဟတ်ယာဉ် ပျက်ကျခဲ့သည့် မိုးမျှော်တိုက်၏ အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ထိခိုက်ဒဏ်ရာ ရရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ပျက်စီးသွားသော ရဟတ်ယာဉ်အစိတ်အပိုင်းများကို မိုးမျှော်တိုက်အနီးရှိ လမ်းမများပေါ်တွင် ပြန့်ကျဲလျက် တွေ့မြင်ရသည်။

အဆိုပါရဟတ်ယာဉ် ပျက်ကျမှု၏ အကြောင်းရင်းခံကို ရဲအရာရှိများနှင့် အမျိုးသားပို့ဆောင်ရေး ဘေးကင်းလုံခြုံရေးအဖွဲ့တို့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ရာသီဥတုအခြေအနေ ဆိုးရွားလျက်ရှိသည့်အတွက် လေယာဉ်အား တိုက်ခေါင်မိုးပေါ်သို့ အရေးပေါ်ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်း ဖြစ်သည်ဟု အချို့မီဒီယာများက သတင်းဖော်ပြကြသည်။

နယူးယောက်စီးတီးရှိ မန်ဟတ်တန်စီရင်စုတွင် ရဟတ်ယာဉ် ပျက်ကျမှုဖြစ်စဉ်များ မကြာခဏဖြစ်ပွားလျက်ရှိသည်။ လွန်ခဲ့သောနှစ်က ရဟတ်ယာဉ် ပျက်ကျမှုကြောင့် လူငါးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

နယူးယောက်စီးတီး လွှတ်တော်အမတ်များအပါအဝင် ဒေသခံများက မန်ဟတ်တန် စီရင်စုရှိ လူနေအိမ်နှင့် မိုးမျှော်တိုက်ကြီးများရှိသော နေရာများတွင် ရဟတ်ယာဉ်များ ဖြတ်သန်းပျံသန်းမှုကို ပိတ်ပင်တားမြစ်ပေးရန် တောင်းဆိုလျက်ရှိကြသည်။

**အေအက်ဖ်ပီ**

## ဘူဂေးရီးယားနိုင်ငံတွင် ကလေးလုပ်သား အရေအတွက် တိုးမြင့်လာ

**ဆိုဖီယာ (ဘူဂေးရီးယား) ဇွန် ၁၁**
ဘူဂေးရီးယားနိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းက အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားအရေအတွက် တဖြည်းဖြည်းတိုးတက်လျက်ရှိလာခဲ့သည်ဟု ဘူဂေးရီးယား အလုပ်သမားရေးရာအေဂျင်စီက ယနေ့ ပြောကြားခဲ့သည်။

ဘူဂေးရီယားနိုင်ငံ၏ဥပဒေတွင် အလုပ်သမားရေးရာအေဂျင်စီက လက်ခံသဘောတူညီမှသာ အလုပ်ရှင်များက ကလေးအလုပ်သမားများအား ငှားရမ်းနိုင်သည်။ ၂၀၁၈ ခုနှစ်တွင် ဘူဂေးရီးယားနိုင်ငံ၌ အသက် ၁၈ နှစ်အောက် ကလေးငယ်လုပ်သား ၈၂၃၈ ဦးရှိခဲ့ကြောင်း ကမ္ဘာ့ကလေးလုပ်သားများပပျောက်ရေးနေ့ မတိုင်မီတွင် အလုပ်သမားရေးရာ အေဂျင်စီက ၎င်း၏အင်တာနက်စာမျက်နှာတွင် ရေးသားခဲ့သည်။

အဆိုပါ အသက် ၁၈ နှစ်အောက် ကလေးငယ်လုပ်သား ၈၂၃၈ ဦးအနက် ၂၀၅ ဦးသည် အသက်၁၆ နှစ်အောက်ဖြစ်ကြောင်း အလုပ်သမားရေးရာအေဂျင်စီက ဆိုသည်။

ကလေးလုပ်သားများအား စားသောက်ဆိုင်များ၊ ဧည့်ခံကျွေးမွေးသည့် နေရာများနှင့် ကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချသည့်နေရာများတွင် အများဆုံး တွေ့မြင်နိုင်သည်။

၂၀၁၇ ခုနှစ်တွင် အသက် ၁၈ နှစ်အောက် ကလေးလုပ်သား ၆၉၃၈ ဦးရှိပြီး ၂၀၁၆ တွင် ၅၀၀၉ ဦးနှင့် ၂၀၁၅ ခုနှစ်တွင် ၂၆၀၅ ဦးရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မျောပါနေသော မြောက်ကိုရီးယား ငါးဖမ်းရေယာဉ်အား တောင်ကိုရီးယားရေတပ် ကယ်ဆယ်ခဲ့



**ဆိုးလ် ဇွန် ၁၁**
မျောပါနေသော မြောက်ကိုရီးယား ငါးဖမ်းရေယာဉ်တစ်စင်းကို တောင်ကိုရီးယားရေတပ်က ကယ်ဆယ်ခဲ့ကြောင်း ဇွန် ၁၁ ရက်တွင် တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်အဖွဲ့ရုံး(ဂျေစီအက်စ်)၏ ထုတ်ပြန်ချက်တစ်ခုကို ကိုးကား၍ ဒေသတွင်း သတင်းဌာနတစ်ခုက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံမှ ငါးဖမ်းရေယာဉ်သည် တောင်ကိုရီးယားနိုင်ငံ အရှေ့ဘက်ပိုင်းရှိ နှစ်နိုင်ငံခွဲခြားသတ်မှတ်ထားသည့် ရေကြောင်းနယ်နိမိတ်ပိုင်နက်အနီးတွင် မျောပါနေခဲ့ကြောင်း၊ ယင်းမျောပါနေမှုမှာ ဒေသစံတော် ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယား ငါးဖမ်းရေယာဉ်တွင် ရေယာဉ်အဖွဲ့သား ခြောက်ဦးပါရှိပြီး ၎င်းတို့အား တောင်ကိုရီးယားရေတပ်ဖွဲ့က ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား ငါးဖမ်းရေယာဉ်အား တောင်ကိုရီးယားရေတပ်မှ ကယ်ဆယ်ရရှိချိန်တွင် ယင်းရေယာဉ်အဖွဲ့ဝင်များက ၎င်းတို့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံပိုင်နက်အတွင်းသို့ ပြန်ရေးအတွက် ကြိုးပမ်းလျက်ရှိပြီး မြောက်ကိုရီးယားနိုင်ငံကလည်း ၎င်းရေယာဉ်မှ ရေယာဉ်အဖွဲ့သားများအား ဇာတိနိုင်ငံသို့ ပြန်လာရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ကယ်ဆယ်မှုများလုပ်ဆောင်ပေးရန် တောင်းဆိုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကယ်ဆယ်ရရှိသည့် ငါးဖမ်းရေယာဉ်ကို တောင်ကိုရီးယားရေတပ်မှ ဇွန် ၁၁ ရက် နံနက် ၇ နာရီ ၈ မိနစ် ဝန်းကျင်တွင် မြောက်ကိုရီးယား နိုင်ငံဘက်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ယင်းသို့ လွှဲပြောင်းပေးခဲ့ခြင်းမှာ လူသားချင်းစာနာထောက်ထားမှု ရည်မှန်းချက်များနှင့် ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း စစ်ဘက်ဆိုင်ရာ သဘောတူညီမှုများကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အီရန်သို့မသွားမီ ထရန့်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**တိုကျို ဇွန် ၁၁**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အီရန်နိုင်ငံသို့မသွားမီ တစ်ရက်အလို ဇွန် ၁၁ ရက်တွင် ပင်လယ်ကွေ့ဒေသအရေးနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆွေးနွေး**

ယင်းသို့ဆွေးနွေးစဉ် အီရန်အရေး အပါအဝင် ကိစ္စအဝဝကို ဆွေးနွေးခဲ့ကြကြောင်း ဂျပန်အစိုးရ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူ ယိုရှီဟီဒါဆူကာက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုင်ငံတကာ နျူကလီးယားသဘောတူစာချုပ်နှင့် ပတ်သက်၍ ပါရှန်ပင်လယ်ကွေ့ဒေသ၌ အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများ အရှိန်မြင့်မားနေစဉ် အီရန်နိုင်ငံသို့ နှစ်ရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် ဇွန် ၁၂ ရက်တွင် သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

**ဆုံးဖြတ်ချက်ချမှတ်**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အောက်လွှတ်တော်ပဲ့ကိုင်ကော်မတီ အဖွဲ့ဝင်များနှင့် ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်တွင် အီရန်နိုင်ငံသို့ သွားရောက်ရန် ယခုကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းဖြစ်သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်တွင် ဧပြီ ၂၆ ရက်က တွေ့ဆုံစဉ်။

ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့်ရော အီရန်နိုင်ငံနှင့်ပါ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ရှင်ဇိုအာဘေးအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ရသည်။

အာဘေးသည် ပြီးခဲ့သည့်လက တိုကျိုမြို့၌ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျဗတ်ဇာရစ်ဖ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပင်လယ်ကွေ့ဒေသတွင်း တင်းမာမှုများ အရှိန်မြင့်မားလာမှုနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိသည်ဟု တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**



# ၂၀၅၀ ပြည့်နှစ်အလွန်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု သုညအထိလျှော့ချရန် ဂျပန်ရည်မှန်း

**တိုကျို ဇွန် ၁၁**

ကမ္ဘာကြီးပူနွေးလာမှုကိုတိုက်ဖျက်သည့် မဟာဗျူဟာအဖြစ် ၂၀၅၀ ပြည့်နှစ်အလွန်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုညအထိလျှော့ချမည့် စီမံချက်တစ်ရပ်ကို ဂျပန်အစိုးရအဖွဲ့က ယနေ့ အတည်ပြုလိုက်ပြီဖြစ်သည်။

နေစွမ်းအင်နှင့် လေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များက ထိုရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံ၏ စွမ်းအင်သုံးစွဲမှု၌ အဓိကစွမ်းအင်အရင်းအမြစ်များအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။ ပါရီသဘောတူညီချက်အရ စွမ်းအင်ဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကျင်းပချိန် ယခုလနှောင်းပိုင်း ထက်နောက်မကျဘဲ ကုလသမဂ္ဂသို့တင်သွင်းရန် ဂျပန်နိုင်ငံက စီစဉ်နေသည်။ ဂျပန်နှင့် အီတလီမှာ ကုလသမဂ္ဂသို့ စွမ်းအင်ဆိုင်ရာ မဟာဗျူဟာစီမံချက် တင်သွင်းမှုမရှိသည့် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။ "ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်က စီးပွားရေးကို မထိခိုက်ပေမယ့် အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာကို ထိခိုက်စေပါတယ်" ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

ဂျပန်နိုင်ငံက ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုမူဝါဒ နမူနာအရှေ့တွင် ဦးဆောင်မည်ဟု ၎င်းကဆိုသည်။ ရေရှည်စွမ်းအင်စီမံချက်အရ ဂျပန်အစိုးရက ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ၂၂ ရာခိုင်နှုန်း၊ ကျောက်မီးသွေးကဲ့သို့သော စွမ်းအင်များကို ၂၄ ရာခိုင်နှုန်းနှင့် နျူကလီးယားစွမ်းအင်ကို ၅၆ ရာခိုင်နှုန်း ထုတ်လုပ်ရန် ရည်မှန်းသည်။

**ကျိုဒို**

**ဘာသာပြန်-ကျော်ထိုက်စိုး**

### ❖ ကျောဖုံးမှ

အီးဂဲလ်ကမ်းခြေ၊ ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံရှိ အင်္ဂလိပ်မန်းကမ်းခြေ၊ ဂရိနိုင်ငံ ခရီတေးရှိ မာရာသီဘေးကမ်းခြေနှင့် ခရိုအေးရှားနိုင်ငံရှိ ဘာနီကမ်းခြေတို့ဖြစ်သည်။

အရှေ့တောင်အာရှဒေသရှိ မြန်မာနိုင်ငံမှာ အသက်ရှူမှားလောက်သော ရင်သပ်ရှုမောဖွယ်ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများစွာ တည်ရှိခြင်းကြောင့် နာမည်ကျော်ကြားသည့်တိုင်းပြည်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအတွက် နောက်ထပ်ဂုဏ်ယူစရာတစ်ခုမှာ အရှည် ခုနစ်ကီလိုမီတာရှိသော အလွန်လှပသည့် ငပလီကမ်းခြေကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်သည်။ အုန်းပင်များ အစီအရီပေါက်နေသော ဖြူလွလွသဲသောင်ပြင်မှာ သဘာဝအတိုင်း ရှိနေဆဲဖြစ်ပြီး တစ်ခါတစ်ရံ ကမ္ဘာလှည့်ခရီးသွားများ ထူထပ်ရာနေရာများမှ ရှောင်ထွက်ကာ အပန်းဖြေလိုသည့် ခရီးသွားများအတွက် အကောင်းမွန်ဆုံး အခွင့်အလမ်းတစ်ခုဖြစ်သည်။ ကမ်းခြေတစ်လျှောက် ပြန့်ကျဲနေသည့် ဟိုတယ်အနည်းငယ်ကို ပတ်ဝန်းကျင်ရှိ သဘာဝအလှနှင့် သဟဇာတဖြစ်အောင် တည်ဆောက်ထားကြောင်း Kiwi.com က ဖော်ပြသည်။

ငပလီဒေသတွင် လေ့လာပါက သုံးရက်ထက်မနည်း ကြာမြင့်ပြီး ကမ်းခြေတစ်လျှောက် စက်ဘီးစီးခြင်းမှာ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် လမ်းမကြီးမှာ ၁၀ ကီလိုမီတာရှိပြီး ပတ်ဝန်းကျင်၌ စက်ဘီးအငှားလုပ်ငန်းများရှိသည့်အပြင် စက်လှေငှားရမ်းကာ အနီးဝန်းကျင်ရှိ ကျေးရွာများသို့ သွားရောက်လေ့လာနိုင်ကြောင်း ဝက်ဘ်ဆိုက်က ဆိုသည်။

**Kiwi.com**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# ပါကစ္စတန်သမ္မတဟောင်း ဇာဒါရီကို ငွေကြေးခဝါချမှုဖြင့် ဖမ်းဆီး




**အစ္စလာမ္မာဘတ် ဇွန် ၁၁**

ပါကစ္စတန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို (NAB) က သမ္မတဟောင်း အဆစ်ဖ်အလီဇာဒါရီကို ငွေကြေးခဝါချမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း ဒေသန္တရမီဒီယာများက ရေးသားဖော်ပြသည်။

**အထောက်အထားပြသနိုင်ခဲ့**

သတင်းများအရ အစ္စလာမ္မာဘတ်တရားရုံးချုပ်က သမ္မတဟောင်း ဇာဒါရီ၏ အမြဲတမ်းအာမခံဖြင့်နေထိုင်ခွင့်ကို ပယ်ချကာ စစ်ဆေးမေးမြန်းမှု ထပ်မံပြုလုပ်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုအား ဖမ်းဆီးခွင့်ပေးပြီးနောက် ၎င်းမှာ နေအိမ်၌ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုမှ တာဝန်ရှိသူများက ဇာဒါရီမှာ အပြစ်ရှိကြောင်း အထောက်အထားပြသနိုင်ခဲ့ပြီးနောက် တရားရုံးက ယင်းသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများက ဆိုသည်။

ပါကစ္စတန် ပြည်သူ့ပါတီ (PPP) ခေါင်းဆောင်နှင့် ကွယ်လွန်သူ ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘေနာဇီယာဘူတို၏ ခင်ပွန်းဖြစ်သူ ဇာဒါရီမှာ အောက်လွှတ်တော်အမတ်တစ်ဦးဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုသည် ဇာဒါရီကို မဖမ်းဆီးမီ အောက်လွှတ်တော်ဥက္ကဋ္ဌထံမှ ခွင့်ပြုချက်တောင်းခံခဲ့ကြောင်း သိရသည်။ မေလအစောပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုဥက္ကဋ္ဌ ဂျာဗတ်အက်ဘယ်က ဇာဒါရီကိုဖမ်းဆီးရန် ဖမ်းဝရမ်းကို အတည်ပြုခဲ့သော်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုက တရားရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းခဲ့သည်။

**ဖမ်းဆီးမိန့်ထုတ်ပြန်**

ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ မေးခွန်းများဖြေကြားရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုရှေ့မှောက် လာရောက်ရန် ဇာဒါရီက သုံးကြိမ်တိုင်တိုင် ငြင်းဆန်ပြီးနောက် ဖမ်းဆီးမိန့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြား လေးသိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဇွန် ၉ ရက်က စိတ်ကြွဆေးပြား ၃၉၉၅၅၀ နှင့် ဇွန် ၁၀ ရက်တွင် စိတ်ကြွဆေးပြား ၁၉၅၀၀၊ နှစ်ရက်အတွင်း စုစုပေါင်း စိတ်ကြွဆေးပြား ၄၁၉၀၅၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာအနီး မောင်တော-အငူမော် ကားလမ်းဘေးရှိ ရခိုင်မျိုးစောင့်အုပ်စု (Arakan Rakkhita Group-ARG) စိုက်ပျိုးရေးခြံရှိ ၎င်းအဖွဲ့ပိုင် စက်ပစ္စည်းများထားသည့် အဆောက်အအုံအား ဇွန် ၉ ရက်က သတင်းအရ ဝင်ရောက်ရှာဖွေရာ ခြံတာဝန်ခံ ဟန်စိုး (ရခိုင်/ဗုဒ္ဓ) နှင့် အလုပ်သမားကြီးကြပ် ချစ်နေဝင်း (ရခိုင်/ဗုဒ္ဓ) တို့ နှစ်ဦးအားတွေ့ရှိပြီး အဆောက်အအုံအတွင်းရှိ UPG အိမ်သုတ်ဆေးပုံးခွံ ခြောက်ပုံးအတွင်း ထည့်ထားသည့် WY/R စာတန်းပါ စိတ်ကြွဆေးပြား ၃၉၉၅၅၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။



ချစ်နေဝင်း၊ ညီလေး(ခ)ညွန့်လွင်၊ ဟန်စိုး၊ ဖိုးသန်း၊ ဝင်းထွန်း၊ ARG ဥက္ကဋ္ဌ ဘအေး(ခ) ခိုင်ထူးတို့ကို တွေ့ရစဉ်။



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မြောက်ဦးမြို့နယ်၌ နေဝင်းထွန်း (ရခိုင်/ဗုဒ္ဓ)၊ ဖိုးသန်း (ရခိုင်/ဗုဒ္ဓ)နှင့် ညီလေး(ခ) ညွန့်လွင်(ခ)ကိုညီ (ရခိုင်/ဗုဒ္ဓ)တို့ သုံးဦးအား ထပ်မံဖမ်းဆီးရမိပြီး သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ၎င်းတို့က စစ်တွေမြို့မှတစ်ဆင့် သယ်ဆောင်လာခြင်းဖြစ်ကြောင်း။

ကွင်းဆက်တရားခံ ထပ်မံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးခြံပိုင်ရှင် ဦးဘအေး (ခ)ခိုင်ထူး (ရခိုင်/ဗုဒ္ဓ)အား ဇွန် ၁၀ ရက်တွင် မြောက်ဦးမြို့၌ ဖမ်းဆီးရမိခဲ့ပြီး ကနဦးစစ်ဆေးချက်များအရ ၎င်းသည် ၂၀၁၄ ခုနှစ်ခန့်က မောင်တောမြို့နယ် ကင်းချောင်းကျေးရွာနှင့် ဗောဓိကုန်းကျေးရွာကြား မေယုတောင်ခြေတွင် ARG (ရခိုင်မျိုးစောင့်အုပ်စု) အား စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်ခန့်မှစ၍ အဆိုပါအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင်ဦးရေ ၂၆၀ ခန့်ရှိကြောင်း၊ မြောက်ဦးမြို့၌လည်း ARG (ရခိုင်မျိုးစောင့်အုပ်စု)အား တည်ထောင်ထားကြောင်း သိရပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ထို့အတူ ဇွန် ၁၀ ရက် ညနေ ၅ နာရီခွဲခန့်တွင် မောင်တောမြို့နယ် နယ်မြေ(၆) ကျီးကန်းပြင် စစ်ဆေးရေးဂိတ်၌ မောင်တောမြို့မှ ငန်းချောင်းကျေးရွာသို့ မောင်တောမြို့နယ် ငန်းချောင်းကျေးရွာနေ မူဟာမတ်အိစ္စမိုက် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY/R စာတန်းပါ စိတ်ကြွဆေးပြား ၁၉၅၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများအား မောင်တောမြို့ (၃)ရပ်ကွက်နေ အမျိုးသားတစ်ဦး (စိစစ်ဆဲ)ထံမှ ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ပြင်ဖြူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးထံမှ စိတ်ကြွဆေးပြား နှစ်သိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၁**





မောင်တောမြို့နယ် နှစ်နိုင်ငံ နယ်စပ်အနီး ဇီးပင်ချောင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးထံမှ စိတ်ကြွဆေးပြား နှစ်သိန်းကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နှစ်နိုင်ငံနယ်စပ်အနီး ဇီးပင်ချောင်းအတွင်း ဇွန် ၁၁ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကင်းလှည့်ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံဘက်ကမ်းသို့ လှော်ခတ်နေသော လှေတစ်စင်းအား တွေ့ရှိပြီး ဖမ်းဆီးခဲ့ရာ လှေပေါ်တွင် လဘာရှေးရာ ဒုက္ခသည်စခန်း တက္ကနဖ့်မြို့နယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံနေ ဂျဟတ်တူဆောင်းနှင့် ဂျဘူရာမန်တို့အား ဆာလာအိတ်နှစ်အိတ်ဖြင့် ထည့်လျက် WY/R စာတန်းပါ စိတ်ကြွဆေးပြား ၂၂၉၅၀၀ အား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်းနှင့် ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ညီအစ်ကိုနှစ်ဦး စကားများ ရန်ဖြစ် ဝင်ရောက်ဖျန်ဖြေပေးသူ ဓားထိုးခံရပြီး သေဆုံး

**အမရပူရ ဇွန် ၁၁**

အောင်ကျော်ဆန်းသည် ဇွန် ၁၀ ရက် ည ၁၁ နာရီက မန္တလေးခရိုင် အမရပူရမြို့နယ် နန်းတော်ရာစံပြရပ်ကွက်သစ်ရှိ နာရေးအိမ်တွင် ဝေယျာဝစ္စဆောင်ရွက်ပြီး ပြန်လာရာ ရေတွင်းလမ်းဆုံအရောက်တွင် အေးမင်းစိုးနှင့် မင်းမင်းဖြိုးတို့ ညီအစ်ကိုနှစ်ဦးမှာ စကားများရန်ဖြစ်နေသည်ကို တွေ့၍ ဝင်ရောက်ဖျန်ဖြေစဉ် မင်းမင်းဖြိုးက မကျေနပ်၍ အသွားလေးလက်မခန့်ရှိ ဓားဖြင့်ထိုးရာ အောင်ကျော်ဆန်းမှာ ဝဲရင်အုံထိုးသွင်း ဒဏ်ရာဖြင့် သေဆုံးခဲ့သဖြင့် မင်းမင်းဖြိုးအား အမရပူရမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# သင်းခွေချပ်ကြေးခွံများ သိမ်းဆည်းရမိ

**ပုသိမ်ကြီး ဇွန် ၁၁**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးအောင်ကိုကိုမင်းနှင့်အဖွဲ့၊ အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးကျော်နှင့်အဖွဲ့သည် ဇွန် ၁၀ ရက် ည ၈ နာရီက ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ (၁၆)မိုင်စစ်ဆေးရေးစခန်းအတက်လမ်းတွင် MDY4C/----ခရီးသည်တင်မှန်လုံယာဉ်အား စစ်ဆေးရာ ယာဉ်မောင်းမှာ ယာဉ်အားထားပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိုပါယာဉ်အား ဆက်လက်ရှာဖွေစစ်ဆေးရာ တရားမဝင်တင်ဆောင်လာသော သင်းခွေချပ်ကြေးခွံ ကိုးအိတ် (၃၉ ဒသမ ၉၆ ပိဿာခန့်) တွေ့ရှိသဖြင့် မြို့နယ်သစ်တောဦးစီးဌာနတွင် သိမ်းဆည်းပြီး အုန်းချောနယ်မြေရဲစခန်းက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို**

# ဖျာပုံ-ကျိုက်လတ်ကားလမ်းတွင် ယာဉ်တိုက်မှုကြောင့် ဆရာဝန် သုံးဦး သေဆုံး

**ဖျာပုံ ဇွန် ၁၁**

ဖျာပုံမြို့ အမှတ်(၁၆)ရပ်ကွက် ဖျာပုံ-ကျိုက်လတ်ကားလမ်း ချောင်းတွင်းတံတားခြေဆင်း၌ ဇွန် ၁၁ ရက် နံနက် ၃ နာရီခွဲခန့်က ကွန်ကရစ်လမ်းမီးတိုင်များတင်ပြီး ရပ်ထားသည့် ဆယ်ဘီးယာဉ်အား ဒေါက်တာ ဝေယံမျိုးထက် မောင်းနှင်လာသောယာဉ်က ဝင်တိုက်ခဲ့ပြီး ယာဉ်မောင်းဆရာဝန်အပါအဝင် ဆရာဝန်သုံးဦး သေဆုံးခဲ့သည်။



ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် နံနက် ၃ နာရီခွဲခန့်က ဖျာပုံမြို့ (၁၆) ရပ်ကွက် ဖျာပုံ-ကျိုက်လတ်ကားလမ်း ချောင်းတွင်းတံတားခြေဆင်း၌ ဖျာပုံမြို့ဘက်သို့ ဦးတည်ရပ်ထားသည့် ကွန်ကရစ်လမ်းမီးတိုင်များတင်ထားသည့် ဆယ်ဘီးယာဉ်အား ဒေါက်တာ ဝေယံမျိုးထက်မောင်းနှင်၍ ယာဉ်ပေါ်တွင် ဒေါက်တာ အေးမြတ်သူ၊ ဒေါက်တာ ပန်ဂျာထွယ်၊ ဒေါက်တာနေမျိုးစု၊ ဒေါက်တာ လှမျိုးသူ၊ ဒေါက်တာ နှင်းအိစိုးတို့ လိုက်ပါလာသော ယာဉ်က နောက်မှ ဝင်တိုက်မိရာ ကွန်ကရစ်တိုင်များ ကားနောက်ခန်းမှန်ထိ ဖောက်ထွက်၍ ယာဉ်မောင်း ဒေါက်တာဝေယံမျိုးထက်၊ ဒေါက်တာ အေးမြတ်သူနှင့် ဒေါက်တာပန်ဂျာထွယ်တို့ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဒေါက်တာနေမျိုးစု၊ ဒေါက်တာ လှမျိုးသူနှင့် ဒေါက်တာ နှင်းအိစိုးတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သည်။

သေဆုံးသူ ဆရာဝန်သုံးဦးနှင့် ဒဏ်ရာရရှိသူသုံးဦးအား ဖျာပုံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ အမှုဖွင့်နိုင်ရေး ဖျာပုံမြို့မရဲစခန်းက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ဖျာပုံ)**



ရွှေပြည်သာမြို့နယ် အမှတ်(၁၈)ရပ်ကွက် ရေပြာလမ်းသွယ်ရှိ အင်္ဂါဆွမ်းလောင်းဓမ္မာရုံတွင် ဇွန် ၉ ရက် မွန်းလွဲပိုင်းက ရွှေပြည်သာမြို့နယ် မြို့မစခန်းမှူး ဒုရဲမှူးတင်မောင်လွင်က မှုခင်းနှင့်ပတ်သက်သည့် အကြောင်းများ၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးကိုလည်းကောင်း၊ နယ်ထိန်းအရာရှိ ရဲအုပ်ကျော်စွာအောင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးများအကြောင်းတို့ကိုလည်းကောင်း ဟောပြောရှင်းလင်းစဉ်။ **နေမျိုးထွန်း(ရွှေပြည်သာ)**

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

**အငြင်းပွားမှုမရှိသော အခွန်ပမာဏများအပေါ် ဆိုင်းငံ့မှုမရှိစေခြင်း**

၃၇။ (က) အခွန်ထမ်းက စည်းကြပ်မှုအပေါ် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ရန် လျှောက်ထားခြင်း သို့မဟုတ် အယူခံ လျှောက်ထားခြင်းပြုသော်လည်း ညွှန်ကြားရေးမှူးချုပ်က ပုဒ်မ ၄၄ အရ အခွန်ပေးဆောင်ရမည့်အချိန်ကို တိုးမြှင့်ပေးခြင်း မရှိလျှင် အခွန်ထမ်းသည် အငြင်းပွားမှုမရှိသော အခွန်ပမာဏ များကို ပေးသွင်းမြဲပေးသွင်းရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် အငြင်းပွားမှုရှိသော အခွန်ပမာဏ အတွက် အာမခံတင်သွင်းရန် အခွန်ထမ်းအား တောင်းဆိုနိုင် သည်။

**အပြီးသတ်စည်းကြပ်မှုဟု မှတ်ယူခြင်း**

၃၈။ (က) စည်းကြပ်မှုတစ်ခုသည် ပုဒ်မ ၂၈ အရ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်နှင့် ပုဒ်မခွဲ (ခ) တို့နှင့် မဆန့်ကျင် စေဘဲ ပုဒ်မ ၃၄ တွင် ခွင့်ပြုထားသည့် ကာလစည်းကမ်းသတ် အတွင်း ပြန်လည်လျှောက်ထားမှု တစ်စုံတစ်ရာမရှိလျှင် အပြီး သတ်စည်းကြပ်မှုဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ အပြီးသတ်စည်းကြပ်မှုဖြစ်ပြီး အခွန်ထမ်းက ပုဒ်မ ၂၂ အရ ပြင်ဆင်ထားသော အခွန်ကြေညာလွှာကို အချိန်မီတင်သွင်းပါက ယင်းကြေညာလွှာပါ အခွန်ပမာဏသည် စည်းကြပ်ပြီးသည့် အခွန်ပမာဏထက် ပိုမိုမှသာလျှင် ပြင်ဆင် တင်သွင်းသည့် အခွန်ကြေညာလွှာသည် အကျိုးသက်ရောက်မှု ရှိစေရမည်။

**လျှောက်လွှာမိတ္တူပေးပို့ခြင်း**

၃၉။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၂ နှင့်အညီ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခြင်းခံရသူက အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက် အပေါ် ကျေနပ်မှုမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက် ထားသည့်အခါ ထိုသို့လျှောက်ထားသည့်နေ့မှ ရက်သတ္တပတ် တစ်ပတ် အတွင်း လျှောက်ထားသူက ထိုလျှောက်လွှာမိတ္တူကို လျှောက်ထားခံရသူသို့ ပေးပို့ရမည်။

**အခန်း (၇)**

**အခွန်ပေးဆောင်ရန်တာဝန်နှင့် အခွန်ပေးဆောင်ခြင်း**

**အခွန်ပေးဆောင်ရန်တာဝန်နှင့် ပေးဆောင်ရမည့်သတ်မှတ်ရက်**

၄၀။ (က) အခွန်ပေးဆောင်ရန် တာဝန်ရှိသူတိုင်းသည် အခွန်ဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့်အချိန်ကာလတွင် အခွန် ကို ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့် မဆန့်ကျင်စေဘဲ အခွန်ပမာဏကို စည်းကြပ်မှု အကြောင်းကြားစာတွင် ဖော်ပြထားသည့် နေ့ရက်တွင်သော် လည်းကောင်း၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) အရ သို့မဟုတ် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) အရ စေ့ရောက်ကြောင်း သတ်မှတ်ဖော်ပြထား သည်ဟု မှတ်ယူရမည့်နေ့ရက်တွင်သော်လည်းကောင်း ပေးဆောင်ရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်နေရာနှင့် နည်းလမ်း အတိုင်း အခွန်ကို ပေးဆောင်ရမည်။

**ကိုယ်စားပြုသူ၏ တာဝန်နှင့်ဝတ္တရားများ**

၄၁။ (က) ဤဥပဒေအရ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူဆိုသည်မှာ အောက်ပါတစ်ဦးဦးကိုဆိုသည်-

(၁) ဥပဒေအရ မစွမ်းဆောင်နိုင်သည့် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ် ပါက ယင်း၏ကိုယ်စား ဝင်ငွေကိုဖြစ်စေ၊ အကျိုးခံစားခွင့် ကိုဖြစ်စေ လက်ခံရရှိသည့် သို့မဟုတ် လက်ခံပိုင်ခွင့် ရှိသည့် အုပ်ထိန်းသူ သို့မဟုတ် မန်နေဂျာ၊

(၂) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ အဓိကတာဝန်ရှိသူ၊

(၃) အစုစပ်လုပ်ငန်းဖြစ်ပါက အစုဝင်ပုဂ္ဂိုလ်၊

(၄) ယုံမှတ်အပ်နှံမှုဖြစ်ပါက ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၅) အစုစပ်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စု ဖြစ်ပါက ယင်းပုဂ္ဂိုလ်စု၏ ကိုယ်စားရငွေပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်၊

(၆) ပြည်ထောင်စုအစိုးရဖြစ်ပါက ယင်း၏ကိုယ်စား ရငွေ ပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်၊

(၇) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဖြစ်ပါက ယင်း၏ကိုယ်စား ရငွေပေးငွေ များကို စာရင်းပြုစုရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်၊

(၈) နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ သံရုံး သို့မဟုတ် ကောင်စစ်ရေးရာဌာနခွဲဖြစ်ပါက ယင်း၏ ကိုယ်စား နိုင်ငံတော်အတွင်း၌ ရငွေပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်၊

(၉) နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ ပြည်ပတွင် နေထိုင်သူဖြစ်ပါက နိုင်ငံတော်အတွင်းရှိ ယင်းပုဂ္ဂိုလ် ပိုင်ဆိုင်သော လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ မန်နေဂျာ သို့မဟုတ် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်သူ။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသော ကိုယ်စားပြုသူတစ်ဦးသည် တာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိပါက ညွှန်ကြားရေးမှူး ချုပ်က ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အခြားပုဂ္ဂိုလ် တစ်ဦးဦးကို ကိုယ်စားပြုသူအဖြစ် သတ်မှတ်ကြောင်း အကြောင်းကြားစာဖြင့် ကြေညာပေးနိုင်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူတိုင်းသည် အခွန်ပေးဆောင်ခြင်း အပါအဝင် ယင်းပုဂ္ဂိုလ်အပေါ် ဤဥပဒေအရ သတ်မှတ်ထား သည့်တာဝန်များ သို့မဟုတ် ဝတ္တရားများကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) ပုဒ်မခွဲ (စ) ပါ ပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်စေဘဲ ပုဒ်မခွဲ (ဂ) အရ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူ ပေးဆောင်ရမည့်အခွန်ကို ယင်း၏လက်ဝယ်တွင် သို့မဟုတ် ထိန်းချုပ်ခြင်းအောက်တွင် ရှိနေသော ထိုပုဂ္ဂိုလ်ပိုင်ဆိုင်သည့် ရရန်ပိုင်ခွင့်မှန်သမျှ၏ တန်ဖိုး ပမာဏအတိုင်းအတာအထိသာပေးဆောင်ရန် တာဝန်ရှိသည်။

(င) ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူသည် ယင်းပုဂ္ဂိုလ်၏ကိုယ်စား ပေးဆောင်လိုက်သည့် အခွန်ပမာဏကို ယင်းပုဂ္ဂိုလ်ထံမှ ပြန်လည်ရယူရန်သော်လည်းကောင်း၊ ယင်းကိုယ်စားပြုသူ၏ လက်ဝယ်တွင် သို့မဟုတ် ထိန်းချုပ်ခြင်းအောက်တွင်ရှိနေသော ထိုပုဂ္ဂိုလ်ပိုင်ဆိုင်သည့် ငွေကြေးများအနက်မှ အခွန်ပေးဆောင် လိုက်သည့်ပမာဏကို ထိန်းသိမ်းထားခြင်းကိုသော် လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဂ) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသ ဆိုင်ရာချုပ်ဆိုသည့် စာချုပ်များ၊ နှစ်နိုင်ငံစာချုပ်များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ချုပ်ဆိုသည့်စာချုပ်များ၊ သဘောတူညီချက်များ၊ နားလည်မှုစာချွန်လွှာများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပုံနှိပ်ထုတ်ဝေသော ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲစာစောင်၊ အစီရင်ခံစာနှင့် ပြန်တမ်း စသည်တို့ကို လွှဲပြောင်းလက်ခံရယူရန်နှင့် ထိန်းသိမ်းထားရန် ဆောင်ရွက်ခြင်း၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ မှတ်တမ်းထိန်းသိမ်းခြင်း ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် နည်းစနစ်များ ကူညီထောက်ပံ့ပေးရန် ဆောင်ရွက်ခြင်း၊

(င) မှတ်တမ်းနှင့် မော်ကွန်းများ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စံသတ်မှတ် ချက်များနှင့်အညီ လိုက်နာရမည့်အချက်များကို သတ်မှတ်ခြင်း၊

(စ) ဤဥပဒေအရ သက်ဆိုင်ရာတို့က လွှဲပြောင်းပေးသော မှတ်တမ်း နှင့်မော်ကွန်းများအားလုံးကို အမျိုးသားမှတ်တမ်းများမော်ကွန်း တိုက်တွင်ဖြစ်စေ၊ လိုအပ်ပါက အခြားလုံခြုံသည့်နေရာများတွင် ဖြစ်စေ ထိန်းသိမ်းထားရှိရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသည့် မှတ်တမ်းများမှ မော်ကွန်း ဖြစ်လာနိုင်သည့် မှတ်တမ်းများကို စိစစ်၍ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မှတ်တမ်းများ စိစစ်ခွဲခြား ခြင်းဇယားပါ ဖျက်ဆီးရမည့် မှတ်တမ်းများကို စိစစ်ခြင်း၊ ဖျက်ဆီး ခြင်း၊

(ဈ) ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသော မှတ်တမ်းနှင့်မော်ကွန်းများကို နိုင်ငံတကာမော်ကွန်းတိုက်များ၏ စံသတ်မှတ်ချက်များနှင့်အညီ နည်းပညာရပ်များကို အသုံးပြု၍ ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ည) လုံခြုံမှုသက်တမ်းရှိ မှတ်တမ်းများနှင့် မော်ကွန်းများကို အများ ပြည်သူ၊ အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက လေ့လာကြည့်ရှုခွင့်ပြုရန် တင်ပြလာသည့်ကိစ္စကို ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဋ) မှတ်တမ်းများ လွှဲပြောင်းပေးသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မူရင်းမှတ်တမ်းများ ပြန်လည်လွှဲပြောင်း ပေးအပ်ရန် တောင်းခံလာပါက ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊

(ဌ) မှတ်တမ်းများ၊ မော်ကွန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အကျိုး စီးပွားနှင့် လုံခြုံရေးအတွက် ကြီးကြပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု၏ လက်ဝယ်ရှိ နိုင်ငံ့အမွေအနှစ် ရှားပါးအထောက်အထားများကို လက်ခံရယူခြင်း၊ ဝယ်ယူခြင်းတို့ကို ဘဏ္ဍာရေးစည်းမျဉ်း စည်း ကမ်းနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊ လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) မှတ်တမ်းနှင့်မော်ကွန်းများ ဖတ်ရှုခွင့်၊ ကူးယူခွင့်တို့နှင့်စပ်လျဉ်း၍ အခကြေးငွေသတ်မှတ်ခြင်း၊

(ဂ) ဦးစီးဌာနရှိ ကူးယူခွင့်ရှိသော မှတ်တမ်း သို့မဟုတ် မော်ကွန်း တစ်ရပ်ရပ်ကို မိတ္တူကူးယူခွင့်ပြုရန် လျှောက်ထားလာလျှင် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းစေပြီးမှ ကူးယူခွင့်ပြုခြင်း၊

(ဃ) လုံခြုံမှုအဆင့် သတ်မှတ်ချက်မရှိသော မှတ်တမ်းများနှင့် မော်ကွန်း များအား သတ်မှတ်ချက်များနှင့်အညီ လေ့လာကြည့်ရှု ခွင့်ပြုခြင်း၊

(င) လုံခြုံမှုအဆင့်ရှိသော မှတ်တမ်းနှင့်မော်ကွန်းများအား စိစစ်၍ အခါအားလျော်စွာ ဖတ်ရှုကိုးကားခွင့်ပြုနိုင်ခြင်း၊ လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် ရယူဆောင်ရွက် ခြင်း၊

(စ) ဦးစီးဌာနက ထိန်းသိမ်းထားရှိပြီးဖြစ်သည့် မှတ်တမ်းများအနက် ဆက်လက်ထိန်းသိမ်းရန် မလိုအပ်သော မှတ်တမ်းများကို သက် ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ သဘောတူညီ ချက်ဖြင့် ဖျက်ဆီးခြင်း၊

(ဆ) မှတ်တမ်းနှင့်မော်ကွန်းများ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း ၏အရေးပါမှုကို အများပြည်သူ သိရှိနားလည်နိုင်စေရန် သင်တန်း များနှင့် အသိပညာပေးလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတကာ မော်ကွန်းတိုက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင် ရွက်ခြင်း။

**အခန်း (၆)**

**မှတ်တမ်းများ လွှဲပြောင်းပေးခြင်း၊ လုံခြုံမှုအဆင့်နှင့် သက်တမ်းသတ်မှတ်ခြင်း**

၈။ မှတ်တမ်းများလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကြီးကြပ်ရေးအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ညွှန် ကြားချက်များ ထုတ်ပြန်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြ ဆောင်ရွက်ရမည်။

(ခ) ဦးစီးဌာနသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ မှတ်တမ်း များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လွှဲပြောင်းရယူရန် ဆောင်ရွက်ရမည်။

(ဂ) ဦးစီးဌာနသည် အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်သော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်း များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လွှဲပြောင်းရယူရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၉။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ဌာန၊ အဖွဲ့အစည်း များရှိ မှတ်တမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

**(ဆက်လက်ဖော်ပြပါမည်)**

ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးတောင်းခံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြားသိနေရပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးတောင်းခံချက်များမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာများက ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို သတင်းစာတွင် အပတ်စဉ်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း . . . . .

# တို့ပြည်ဝယ် အဂတိတရား ကင်းရှင်းပါစေ

ရှင်မင်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅)မှ ဦးရဲထွဋ် ဆွေးနွေးစဉ်။



ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ နော်ခရစ္စထွန်း(ခေါ်)ဒေါက်တာ အားကာမိုး ဆွေးနွေးစဉ်။



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀) မှ ဒေါက်တာ ခွန်ဝင်းသောင်း ဆွေးနွေးစဉ်။



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ဆွေးနွေးစဉ်။

လက်ရှိအဂတိလိုက်စားမှု အခြေအနေအပေါ် ပြည်သူများ၏ ထင်မြင်ချက်က "အရင်အတိုင်းပဲ"ဟု ဖြေဆိုသည့်ရာခိုင်နှုန်းက များပြားခဲ့သည်ဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ သဘောထားအမြင်၊ အတွေ့အကြုံနှင့် ခံယူချက်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုတို့အပေါ် ကောက်ယူသည့် စစ်တမ်းအရ သိရှိရသည်။ တရားမျှတမှု လက်လှမ်းမီရေးအဖွဲ့က ပြည်သူလူထု၏ သဘောထားအမြင်၊ အတွေ့အကြုံနှင့်ခံယူချက်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုတို့အပေါ် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သတ်မှတ်ရွေးချယ်သော နေရာဒေသများ၌ စစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်သည်။

အလားတူ အဂတိလိုက်စားသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်က အရေးယူဆောင်ရွက်မှုအပေါ် ပြည်သူများအမြင်က ထိရောက်စွာ အရေးယူမှုအားနည်းသည်ဟု ထင်မြင်မှုများပြားလျက်ရှိသည်။ သို့သော် ပြည်သူပါဝင်ပါက အပြည့်အဝအောင်မြင်နိုင်သည်ဟူသည့် သဘောထားထင်မြင်မှု ရာခိုင်နှုန်းကလည်း မြင့်မားလျက်ရှိသည်။

**ငါးဆခန့် များပြား**

ပြည်သူပါဝင်ပါက အောင်မြင်နိုင်သည်ဟူသည့် သဘောထားကြောင့် ၂၀၁၈ ခုနှစ်အတွင်း ပြည်သူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ တိုင်ကြားစာ ၁၀၅၄၃ စောင် ပေးပို့ခဲ့ကြသည်။ ၂၀၁၈ ခုနှစ်တွင် ပေးပို့သည့် တိုင်ကြားစာ အရေအတွက်သည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ငါးဆခန့် များပြားခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများပါဝင်သည့် ၂၀၁၈ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို မေ ၉ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ပါဝင်ဆွေးနွေးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးရဲထွဋ်က "အခုအစိုးရလက်ထက်မှာ အသစ်ဖွဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တော်တော်လေး ထိထိရောက်ရောက် လုပ်နိုင်တဲ့အတွက် ပြည်သူအားလုံးက သဘောကျကြပါတယ်။ အားပေးကြပါတယ်။ ဒါပေမယ့် ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှုကို အမြစ်ဖြတ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားစေချင်ပါတယ်" ဟု အကြံပြုပြောကြားသည်။

**ထောက်ပြဆွေးနွေး**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများအရ အမှုတွဲများကို ဆိုင်ရာဌာနများသို့ ပြန်လွှဲပေးနေရခြင်းမျိုးသည် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်နှေးစေနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြဆွေးနွေးခဲ့ကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ နှစ်အလိုက် ပြည်သူများ တိုင်ကြားစာပေးပို့မှုမှာ ၂၀၁၇ ခုနှစ်တွင် ၂၀၁၄ စောင်၊ ၂၀၁၆ ခုနှစ်တွင် ၇၁၀၊ ၂၀၁၅ ခုနှစ်တွင် ၉၈၃ စောင်နှင့် ၂၀၁၄ ခုနှစ်တွင် ၉၆၈ စောင်ရှိခဲ့သည်။

**ပိုပြီးခိုင်မာအားကောင်းစေချင်**

"နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အဓိက နှောင့်နှေးစေတာက အဂတိပဲ။ ကျွန်မတို့ နိုင်ငံက အဂတိလိုက်စားမှုက ကမ္ဘာ့အဆင့်မှာဆိုရင် အနီရောင်အဆင့်မှာ ရှိနေတုန်းပါပဲ။ စိုးရိမ်စရာကောင်းတဲ့ အခြေအနေမှာ ရှိနေတုန်းဆိုတဲ့ သဘောတရားပါ။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်ထဲ ပါတဲ့အထိ အကျင့်ပျက်ခြစားမှုတွေ ရှိခဲ့လို့ နိုင်ငံလည်း ဖွံ့ဖြိုးမှုနည်းခဲ့တယ်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် အဂတိလိုက်စားမှုတွေ မရှိသင့်ဘူး။ ဒါကြောင့် အဂတိတိုက်ဖျက်ရေးကို အခုထက် ပိုလုပ်စေချင်တယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ အခန်းကဏ္ဍကို ပိုပြီးခိုင်မာအားကောင်းစေချင်တယ်" ဟု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာ အားကာမိုးက ပြောသည်။

**စိစစ်ဆောင်ရွက်**

ပြည်သူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ၂၀၁၈ ခုနှစ်အတွင်း ပေးပို့ခဲ့သည့် တိုင်ကြားစာများအပေါ် စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ ၄၆ စောင်၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၁၇၉၅ စောင်၊ ပြည်သူများထံ အကြံပြုချက်ဖြင့် အသိပေးပြန်ကြားသည့် တိုင်ကြားစာ ၅၂၆၈ စောင်၊ အရေးယူဆောင်ရွက်ပေး၍ မရသော တိုင်ကြားစာ ၂၈၂၄ စောင်နှင့် စိစစ်ဆောင်ရွက်ဆဲ ၆၁၀ ရှိကြောင်း အစီရင်ခံစာအရ သိရသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်နေမှုကို အားရမိသော်လည်း လုပ်ထုံးလုပ်နည်းများအရ အမှုတွဲများကို ဆိုင်ရာဌာနများသို့ ပြန်လွှဲပေးနေရခြင်း၊ တိုင်ကြားမှုမရှိ၍ ဝင်ရောက်စစ်ဆေးအရေးယူမှုများ မလုပ်နိုင်သေးသောကြောင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းအချို့ အပြုံးမပျက်နှင့် ဆက်လက်အလွဲသုံးစားနေကြခြင်းကို ဝိုင်းဝန်းဖော်ထုတ်ကြမှသာ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင်ပါရှိသည့် အဂတိတိုက်ဖျက်ရေးဆိုသည်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်သောကြောင့် အားလုံးက လက်ပိုက်ကြည့်မနေဘဲ ဆက်တိုက်မိအောင် တိုင်ကြား ဖော်ထုတ်ပေးကြပါရန် တိုက်တွန်းကြောင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) မှ ဒေါက်တာ ခွန်ဝင်းသောင်းက ကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်း ဆွေးနွေးခဲ့သည်။

**အဆင့် ၂ ဆင့်ကျဆင်း**

နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency Internaitonal-IT) က သတ်မှတ်သည့် အဂတိလိုက်စားမှု အညွှန်းကိန်း (Corruption Perception Index-CPI) အရ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ရမှတ် ၁ မှတ်နှင့် အဆင့် ၂ ဆင့်ကျဆင်းသွားကြောင်း သိရသည်။

အဂတိလိုက်စားမှုသည် လက်ရှိအစိုးရအဖွဲ့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော် တည်ဆောက်ရေးတို့အတွက် ခလုတ်တံသင်း ဖြစ်နေသည်။ **စာမျက်နှာ ၁၇ သို့**




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❍ စာမျက်နှာ ၁၆ မှ

ထို့ကြောင့် နိုင်ငံတော်သမ္မတက ၂၀၁၈ ခုနှစ် ဧပြီ ၁၁ ရက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် တွေ့ဆုံကာ မျက်နှာကြီးငယ်မလိုက်၊ ဆူကြံ့နိမ့်မြင့် မရွေး ဥပဒေနှင့်အညီ ပြတ်ပြတ်သားသား ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု နှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်အာဏာ အရှိန်အဝါရှိသူများ၏ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်စွက်ဖက်မှုများအား တိကျ ခိုင်လုံသည့်အချက်အလက် အထောက် အထားများနှင့် တိုင်ကြားကြရန် အထူး လိုအပ်ကြောင်း နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးအထိမ်းအမှတ် သဝဏ်လွှာတွင် ပါရှိသည်။

**အဂတိဆိုရာမှာ**
**ငွေကြေးကိစ္စ တစ်ခုတင်မဟုတ်**

"ထင်သာမြင်သာရှိတဲ့ အဂတိ လိုက်စားမှုတွေကို ဖော်ထုတ်အရေးယူနိုင် တယ်။ ဒါပေမယ့် ဖုံးကွယ်နေတဲ့ အဂတိ လိုက်စားမှုတွေကို ဖော်ထုတ်အရေးမယူ နိုင်သေးတာရှိတယ်။ အဂတိလိုက်စားမှု ကြောင့် မြန်မာနိုင်ငံမှာ ဆုံးရှုံးမှုတစ်နှစ်ကို ဒေါ်လာသန်း နှစ်ထောင်ကျော်လောက် ရှိတယ်လို့ အဂတိလိုက်စားမှုကို စောင့်ကြည့်တဲ့ နိုင်ငံတကာအဖွဲ့အစည်း တစ်ခုက ပြောပါတယ်။ အဂတိလိုက်စားမှု ကို လျော့နည်းကင်းစင်အောင် လုပ်နိုင်ရင် တိုင်းပြည်ဖွံ့ဖြိုးရေးကို အများကြီးဖြစ်စေ မယ်။ အဂတိကြောင့် လေလွင့်ပြုန်းတီး မယ့် ငွေတွေကို ရင်းနှီးမြှုပ်နှံမှုတွေ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက် ရေးတွေ ကဏ္ဍအားလုံးမှာ သုံးနိုင်တယ်။ အဂတိဆိုရာမှာ ငွေကြေးကိစ္စတစ်ခု တင်မဟုတ်ဘူး။ အဂတိကြောင့် လူမှန် နေရာမှန် မဖြစ်နိုင်တာမျိုးလည်း ရှိတယ်။ ဥပမာ ရာထူးတစ်ခုကို မမှန်တဲ့ နည်းနဲ့ ရတယ်။ သူက မထိုက်တန်ဘဲ ရာထူးရရင် တာဝန်ထမ်းဆောင်တဲ့အခါ တိုင်းပြည်အတွက် ထိထိရောက်ရောက် မလုပ်နိုင်ဘူး။ ပြီးတော့ မမှန်တဲ့နည်း သုံးထားတဲ့အတွက် နောက်ထပ်မမှန်တဲ့ နည်းကို ထပ်သုံးပြီး ငွေရှာမယ်၊ အလွဲ သုံးစားတွေ လုပ်မယ်၊ ဒီလိုနဲ့ အဂတိက လုံးချာလိုက်နေမယ်" ဟု စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးရဲထွဋ်က ပြောသည်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ရန်ကုန်ရုံးခွဲ) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

**ကြီးမားသည့် အထောက်အပံ့ဖြစ်စေ**

ပြည်သူများသည် အဂတိလိုက်စားမှု အပေါ် တိတိကျကျ နားလည်သဘောပေါက် ခြင်းမရှိသော်လည်း အဂတိလိုက်စားမှုကို မလိုလားကြပေ။ အစိုးရဌာနများထံ မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများအတွက် အချိန်မီမရရှိကြပါက လာဘ်ပေးရန် ဆန္ဒ ဖြစ်ပေါ်ခဲ့သော်လည်း ပြည်သူ့အင်အားဖြင့် တိုက်ဖျက်နိုင်သည်ဟူ၍ အပြည့်အဝ ယူဆမှု များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အတွက် ကြီးမားသည့် အထောက် အပံ့ဖြစ်စေကြောင်း ကော်မရှင်၏ အစီရင်ခံ စာတွင် ဖော်ပြထားသည်။

ထို့ပြင် ရာထူးအာဏာကို ကိုယ်ကျိုး စီးပွားအတွက် အသုံးပြုခြင်း၊ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့် ကိုက်ညီမှုမရှိဘဲ ဝန်ထမ်း များ ရာထူးတိုး၊ အပြောင်းအရွှေ့များ ပြုလုပ် ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်း၊ ဌာနတွင်း အဂတိလိုက်စားမှု လျှော့ချရေးလုပ်ငန်းစဉ် များအတွက် အပြန်အလှန် ထိန်းကျောင်းနိုင် သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများရှိသော် လည်း လက်တွေ့တွင် အကောင်အထည်ဖော်မှု အားနည်းနေခြင်းတို့ကြောင့် အဂတိလိုက်စား မှုများ ဖြစ်ပေါ်ခဲ့ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

**စုံစမ်းစစ်ဆေး အရေးယူ**

အဂတိလိုက်စားမှုသည် အများအားဖြင့် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ဌာန၊ အဖွဲ့အစည်းများ၊ မြေယာ၊ ခာတ်ပုံ အထောက်အထား ထုတ်ယူရသည့်နေရာ များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက် ဆက်စပ်နေသည့်နေရာများ လုပ်ပိုင်ခွင့် အာဏာရှိသည့် နေရာများ၊ ငွေကြေးကိုင်တွယ် သုံးစွဲမှုများပြားသည့် နေရာများတွင် အများဆုံးဖြစ်သည်ကို တွေ့ရပါကြောင်း လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက လွှတ်တော် တွင် ဆွေးနွေးခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်း အဂတိလိုက်စား မှုကြောင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ တစ်ဦး၊ အဆင့်မြင့်အရာရှိ ကိုးဦး၊ အရာထမ်း ၁၃ ဦး၊ အမှုထမ်း ၁၇ ဦး၊ ပြည်သူ့ဝန်ထမ်း ခြောက်ဦး စုစုပေါင်း ၄၆ ဦးကို စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၈ ခုနှစ်အတွင်း အဂတိ လိုက်စားမှုကြောင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်း များ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုများ ရှိခဲ့ပြီး သိမ်းဆည်းရရှိမှုမှာ မြန်မာငွေကျပ် ၃၀ ဒသမ ၈၉၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၃ သန်းရှိကြောင်း သိရှိရသည်။

အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ရန် အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက် ရေးမဟာဗျူဟာစီမံချက်ကို ရေးဆွဲ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အဂတိလိုက်စား မှုကို တိုက်ဖျက်ရာတွင် ထိရောက်မှုရှိစေရန် အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

**ပညာပေးလေ့ကျင့်မှုများ**
**တိုးမြှင့်ဆောင်ရွက်သင့်**

အစိုးရဌာနများနှင့် အဖွဲ့အစည်းများ ဆောင်ရွက်လျက်ရှိသော တင်ဒါလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် စရိတ်ကျဉ်းကျဉ်း ဖြင့် ရလဒ်ကောင်းရရှိနိုင်မည့် မှန်ကန်သော ယှဉ်ပြိုင်မှုပုံစံများ၊ တင်ဒါလုပ်ငန်းများအပေါ် သေချာစွာ ဆန်းစစ်လေ့လာ၍ အကဲဖြတ် နိုင်မည့် စွမ်းရည်၊ အဂတိလိုက်စားမှုနှင့် ငြိစွန်းနိုင်မည့်ဆောင်ရန်၊ ရှောင်ရန်အချက် များကို ပြည့်စုံစွာ ပညာပေးလေ့ကျင့်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွား သင့်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အစီရင်ခံစာ က သုံးသပ်တင်ပြထားသည်။

**နှီးနှောဖလှယ်ပွဲများ ကျင်းပ**

ထို့ကြောင့် တင်ဒါလုပ်ထုံးလုပ်နည်း များအပေါ် အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးနိုင်သည့် ဘဏ္ဍာနှင့် ရန်ပုံငွေ အတိုင်းအဆဖြစ်စဉ်များကို ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပူးပေါင်း၍ သုတေသနဆန်းစစ်ခြင်း၊ ပညာပေးသင်တန်းများနှင့် နှီးနှောဖလှယ် ပွဲများ ကျင်းပခြင်းတို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစိုးရဌာနများသို့ ပြည်သူများ ငွေကြေးလက်ဆောင်ပေးရခြင်း အကြောင်း ရင်းနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူ ရာတွင် အလုပ်ပြီးမြောက်စေရန် အခြား နည်းလမ်းမရှိတော့သဖြင့် ပေးရခြင်းဖြစ် ကြောင်း ဖြေဆိုသည့် ပြည်သူရာခိုင်နှုန်း က များပြားခဲ့သည်။

**ဆယ်စုနှစ်ပေါင်းများစွာ အမြစ်တွယ်**

အဂတိလိုက်စားမှုသည် ဆယ်စုနှစ် ပေါင်းများစွာ နယ်ပယ်အသီးသီးတွင် အမြစ်တွယ်နေသေးသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုကို လုံးဝ သည်းခံခွင့်လွှတ်ခြင်းမပြုသော ယဉ်ကျေး မှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရန် လိုအပ် လျက်ရှိသည်။ အဂတိလိုက်စားမှု ပြုလုပ် သူများကို ဖော်ထုတ်အရေးယူနိုင်ရန်မှာ လည်း အရေးကြီးပါသည်။ ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် အဂတိလိုက်စားမှုကို တွန်းလှန်မှသာ အစိုးရ၏ ပြည်သူလူထု လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲ နွမ်းပါးမှု လျှော့ချရေး၊ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု များသည် တိုးတက်မှုဆီသို့ ဦးတည်နိုင်မည် ဖြစ်သည်။ အဂတိလိုက်စားမှု လျော့နည်း ကင်းစင်လာသည်နှင့်အမျှ ဖွံ့ဖြိုးမှုလည်း အလိုက်သင့် တိုးတက်လာမည်ဖြစ်ပါ ကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

> **" အဂတိလိုက်စားမှုသည် ဆယ်စုနှစ်ပေါင်းများစွာ နယ်ပယ်အသီးသီးတွင် အမြစ်တွယ်နေသေးသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရန် လိုအပ်လျက်ရှိသည်။ အဂတိလိုက်စားမှု ပြုလုပ်သူများကို ဖော်ထုတ်အရေးယူနိုင်ရန် မှာလည်း အရေးကြီးပါသည်။ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အဂတိလိုက်စားမှုကို တွန်းလှန်မှသာ အစိုးရ၏ ပြည်သူလူထု လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်မှုများသည် တိုးတက်မှုဆီသို့ ဦးတည်နိုင်မည် "**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇွန် ၁၁ ။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း(Press Release) (၄/၂၀၁၉) အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်လုပ်ဆောင်ချက်များကို အများပြည်သူများ သိရှိနိုင်စေရန် ရှင်းလင်း မည်ဖြစ်ပါသဖြင့် မီဒီယာများ တက်ရောက်သတင်းရယူနိုင်ကြောင်း သိရသည်။

**သျှားထက် (ခာတု)**

# လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်

# ရွှေစင်၊ ရွှေပြား၊ သင်္ကန်းတော်ကပ်လှူပူဇော်မှု မဟာကုသိုလ်တော်အောင်ပွဲ

# ရေစက်ချအလှူမင်္ဂလာဖိတ်ကြားလွှာ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အလှူရှင်များလှူဒါန်းခဲ့သည့် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းတော်များအား ၁-၁၁-၂၀၁၈ရက်မှ ၂၆-၃-၂၀၁၉ရက်အထိ ရထားပျံဖြင့် ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။ ရွှေသင်္ကန်းအလှူရှင်များအား လှူဒါန်းမှုအစုစုအတွက် ထုတိမင်္ဂလာမှတ်တမ်းလွှာများ အခမ်းအနားနှင့် ပြန်လည်ချီးမြှင့်၍ ရွှေတိဂုံသြဝါဒါစရိယ ဆရာတော်ကြီးများနှင့်လစဉ် အနုမောဒနာတရားနှင့် ရေစက်သွန်းချအမျှဝေခဲ့ကြပြီးလည်းဖြစ်ပါသည်။ ယခုအခါ လုံးတော်ပြည့်ရွှေသင်္ကန်းများ ဆက်ကပ်ခြင်းလုပ်ငန်းအောင်မြင်စွာပြီးဆုံး၍ ကုသိုလ်ရှင်အပေါင်း၏ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း၊ မဟာကုသိုလ်တော်အောင်ပွဲ ရေစက်ချအမျှပေးဝေခြင်း မင်္ဂလာအခမ်းအနားကို ၂၀၁၉ခုနှစ်၊ ဇွန်လ ၁၇ရက်(တနင်္လာနေ့) ၁၃၈၁ခုနှစ်၊ နယုန်လပြည့်(မဟာသမယအခါတော်နေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မဟာအောင်မြေ၊ ရာဟုထောင့်၊ ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁-၁-၂၀၁၅ရက်မှ ၂၀-၃-၂၀၁၉ရက်အထိ လှူဒါန်းခဲ့သည့် ရွှေသင်္ကန်းတော်အလှူရှင်များ ကြွရောက်တရားတော်နာရေစက်သွန်းချအမျှပေးဝေနိုင်ပါရန် ဂါရဝတရားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူရှင်စုစုပေါင်း (၁၃၆၉၈)ဦးတို့၏ ထက်သန်သောသဒ္ဓါတရားတို့ကို စနစ်တကျ ဂုဏ်ပြုမှတ်တမ်းတင်ထားရှိကြောင်း ဖော်ပြအပ်ပါသည်။

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

မှတ်ချက်။ ။ သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါ။ ဆက်သွယ်မေးမြန်းရန် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၀၉-၄၄၃၂၄၄၁၄၇၊ ၀၉-၄၅၅၇၃၅၄၅၄၊ ၀၉-၅၀၂၉၀၅၃၊ ၀၉-၄၂၁၀၂၄၉၄၃၊ ၀၉-၇၈၆၄၄၁၅၉၄၊ ၀၁-၃၇၅၇၆၇

## ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်
သီရိရတနာ လက်ကားဈေး(တိုးချဲ့)
Shop House ဆိုင်ခန်းများရောင်းချနေပါပြီ
ရောဝတီဘဏ် Home Loan နှင့်ချိတ်ဆက်၍
(၅)နှစ် အရစ်ကျ ရောင်းချပေးပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၁ ၃၉၇၅၂၅၊
၀၉-၂၆၆၁၃၄၄၆၃၊၀၉-၂၆၆၁၃၄၄၆၅
၀၉ ၅၀၃၂၂၆၅၊ ၀၉ ၂၅၄၀၁၈၁၀၈



## အားလုံးကျန်းမာရေးဒေါ်ကြွယ်သွေးဆေး

ဒေါ်ကြွယ် အပူငြိမ်း သွေးဆေး
အမှတ်တံဆိပ်

မောပန်းမူးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ ခေါင်းချွေးထွက်၊ ချိုင်းချွေးနံ၊ မီးယပ်ဖြူဆင်းခြင်းနှင့် သွေးဆုံးရောဂါများကို သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)

ဖြန့်ချိရေး-အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့၊ဖုန်း-၀၁-၃၇၆၈၀၈၊၅၄၃၉၀၄၂၊၀၉-၄၅၁၀၀၈၉၉၃၇၊၀၉-၈၅၉၈၄၉၃၃

## မိသားစုဘော်ဒါဆောင်

ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ချင်သူများသင်တန်းတက်ရောက်လိုသူများအတွက်မနက်စာ/ နေ့လည်စာ/ ညစာ၊ အဝတ်လျှော်၊ မီးပူတိုက်၊ အခန်းသန့်ရှင်းရေးကအစ မိဘအိမ်နဲ့မခြား ဆောင်ရွက်ပေးပါသည်။ကျောင်းကားလိုအပ်ပါက စီစဉ်ပေးသည်။ အိပ်ခန်းများတွင်လည်း Air Con: တပ်ဆင်ပေးထားသည်။(အမြန်ဆက်သွယ်ပါ)

အမှတ် ၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်
ဖုန်း - 095055412 / 09 - 965055412, 01-510367

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်-၁၂၄၇၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးဘိုအေး အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်စိုးလွင်(ဘ) ဦးကြည်လွင်[၉/မရတ(နိုင်)၀၅၉၇၈၄] မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

